သမ္ဘဝန္တီတိ၊ ကား။ အဘိနိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ (သမ္ဘဝန္တိ-ကိရိယာ၌ သောကစသော ကာရကတို့ကိုသာ ယှဉ်သင့်သည်ဟု ယူအံ့စိုးရကား နကေဝလဉ္စ-စသည်ကိုမိန့်သော်။) ကေဝလဉ္စ၊ စင်စစ်သော်ကား။ သောကာဒိဟေဝ၊ သောကအစရှိသော ပုဒ်တို့နှင့်သာလျှင်။ (ယောဇနာ၊ ကို။) န ကာတဗ္ဗာ၊ ပြုအပ်သည်မဟုတ်။ အထ ခေါ၊ အဟုတ်သော်ကား။ သဗ္ဗပဒေဟိ၊ သင်္ခါရစသော အလုံးစုံသော ပုဒ်တို့နှင့်လည်း။ (ပိ-ကြေ။) သမ္ဘဝန္တိသဒ္ဒဿ၊ ၏။ ယောဇနာ၊ ကို။ ကာတဗ္ဗာ၊ ၏။ ဟိ၊ ဗျတိရိက်ကို ဆိုအံ့။ ဣတရထာ၊ အလုံးစုံသောပုဒ်တို့နှင့် ယှဉ်သည်မှတပါး သောက စသည်တို့နှင့်သာ ယှဉ်သင့်သည်ဟူသော အပြားအားဖြင့်။ အတ္ထေ၊ ကို။ ဂယှမာနေ၊ သည်။ (သတိ၊ သော်[၁]။) အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ၊ ဟူ၍။ ဝုတ္တေ၊ သော်။ ကိံ၊ အဘယ်အမှုကို။ ကရောန္တိ၊ ပြုကုန်သနည်း။ ဣတိ၊ သို့။ န ပညာယေယျုံ၊ မထင်ကုန်ရာ။ (ဤအမှုကို ပြုကုန်၏ဟု မထင်ကုန်ပင် ဖြစ်တန်စေ၊ အကျိုးတစ်မရှိလတ်က မယှဉ်သင့်သေး စုဒ်ရှိရကား။ သမ္ဘဝန္တီတိ-စသည်ကိုမိန့်သော်။) ပန၊ အကျိုးကိုဆိုအံ့။ သမ္ဘဝန္တိယာ၊ သမ္ဘဝန္တိ-ကိရိယာနှင့်။ ယောဇနာယ၊ ယှဉ်ခြင်းသည်။ သတိ၊ သော်။ အဝိဇ္ဇာ စ၊ သည်လည်း။ ဟောတိ၊ ၏။ သာ၊ ထိုအဝိဇ္ဇာဟူသည်။ ပစ္စယော စ၊ သည်လည်း။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ အဝိဇ္ဇာပစ္စယော၊ မည်၏။ တသ္မာ အဝိဇ္ဇာပစ္စယာ၊ ထိုအဝိဇ္ဇာဟူသော ကျေးဇူးပြုတတ်သော တရားကြောင့်။ သင်္ခါရာ၊ တို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ပစ္စယပစ္စယုပ္ပန္နဝဝတ္ထာနံ၊ ပစ္စည်း ပစ္စယုပ္ပန်တို့ကို မှတ်ခြင်းကို၊ ဝါ၊ ပိုင်းခြားခြင်းကို။ ကတံ၊ သည်။ ဟောတိ၊ ထင်ရှား၏။ သဗ္ဗတ္ထ၊ အလုံးစုံသောသင်္ခါရပစ္စယာ ဝိညာဏံ-စသောပုဒ်တို့၌။ ဧသ နယော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ဧတ္တာဝတာ ဥဒ္ဒိ ဝစနံ၊ သည်။ နိဒ္ဒိဋ္ဌနယနိဒဿနံ၊ ပြအပ်ပြီးသောအစီအရင်ကို ညွှန်ကြောင်းဖြစ်သော စကားတည်း။ တေန၊ ထိုနိဒဿနအနက်ရှိသော

---

၁-ယင်းကိရိယာကို အဆုံး၌သာ ဟောသောကြောင့် ယင်းကာရကတို့နှင့်သာ ယှဉ်သင့် စပ်သင့်ပါသည် မဟုတ်လော။ ဝါ၊ သောက။ပ။ ဥပါယာသာ-ဟူသော ကတ္တားနှင့်သာ နီးပါသည် မဟုတ်လော၊ ကြောင့် ဣတရထာ ဟိ-စသည်ကိုမိန့်သော်။ (ပြည်)

ဝေ-သဒ္ဒါဖြင့်။ အဝိဇ္ဇာဒီဟေ၀ ကာရဏေဟိ၊ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့်သာလျှင်။ (သမုဒယော၊ သည်။ ဟောတိ၊ သင့်၏။) ဣဿရနိမ္မာနာဒီဟိ၊ ပရမေသွာ ဖြဟ္မာဖန်ဆင်းခြင်းစသော အကြောင်းတို့ကြောင့်။ (သမုဒယော၊ သည်။ န ဟောတိ၊ မသင့်။) ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ တေဿာတိ၊ ကား။ ယထာဝုတ္တဿ၊ ဆိုအပ်ပြီးသော အကြင်အကြင်သို့သော၊ ဝါ၊ ဆိုအပ်ပြီးသောအပြားရှိသော၊ ဝါ၊ ဆိုအပ်ခဲ့တိုင်းသော။ ကေဝလဿာတိ၊ ကား။ အသမ္မိဿဿ၊ သုခနှင့်မရောသက်သက်ဖြစ်သော။ ဝါ၊ ကား။ သကလဿ၊ အလုံးစုံသော ဘဝစသည်တို့၌ဖြစ်သော၊ ဝါ၊ အလုံးစုံသော ကာလတို့၌ဖြစ်သော။ ဒုက္ခက္ခန္ဓဿာတိ၊ ကား။ ဒုက္ခသမုဒယဿ၊ ၏။ (သံဝဏ္ဏေတဗ္ဗသမုဒယော-ဌစပ်) သတ္တဿ၊ ၏။ (သမုဒယော၊ သည်။) န၊ မဟုတ်။ သုခသုဘာဒီနံ၊ တို့၏။ (သမုဒယော၊ သည်။) န၊ မဟုတ်။ သမုဒယောတိ၊ ကား။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းတည်း။ ဟောတီတိ၊ ကား။ သမ္ဘဝတိ၊ သင့်၏။ ဧဝံ ဝုတ္တနယေန၊ ဖြင့်။ ဧတ္ထ၊ ၌။ အတ္ထတော၊ ဖြင့်။ ဝိနိစ္ဆယော၊ ကို။ ဝိညာတဗ္ဗော၊ ၏။

၅၈၈။ လက္ခဏာဒိတောတိ၊ ကား။ အဝိဇ္ဇာဒီနံ၊ တို့၏။ လက္ခဏာဒိတော၊ ဖြင့်။ သေယျထိဒံ၊ ကား။ အဝိဇ္ဇာ၊ သည်။ အညာဏလက္ခဏာ၊ မသိခြင်းလက္ခဏာရှိ၏၊ ဝါ၊ သိတတ်သောဉာဏ်၏ ဆန့်ကျင်ဖက်၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ သမ္မောဟနရသာ၊ (သမ္ပယုတ္တဓမ္မ, တံသမင်္ဂိပုဂ္ဂလတို့ကို) ပြင်းစွာတွေဝေစေခြင်းကိစ္စရှိ၏၊ ဝါ၊ မိုက်စေခြင်းကိစ္စရှိ၏။ ဆာဒနပစ္စုပဋ္ဌာနာ၊ အာရုံ၏သဘောကို ဖုံးလွှမ်းတတ်သည်ဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏၊ ဝါ၊ ဖုံးလွှမ်းတတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ အာသဝပဒဋ္ဌာနာ၊ အာသဝလျှင် နီးသောအကြောင်းရှိ၏။ သင်္ခါရာ၊ တို့သည်။ အဘိသင်္ခရဏလက္ခဏာ၊ ပြုပြင်ခြင်းလက္ခဏာရှိကုန်၏။ အာယူဟနရသာ၊ ပဋိသန္ဓေကိုဖြစ်စေခြင်းငှါ အားထုတ်ခြင်း, ကြောင့်ကြဗျာပါရပြုခြင်း ကိစ္စရှိကုန်၏၊ ဝါ၊ ရုပ်နာမ်ဟူသော အကျိုးတရားကို ပေါင်းစုရုံးစည်းခြင်း ကိစ္စရှိကုန်၏၊ ဝါ၊ အပေါင်းအစုဖြစ်သော ရုပ်နာမ်အကျိုးတရားကို ဖြစ်စေခြင်းကိစ္စရှိကုန်၏။ စေတနာပစ္စုပဋ္ဌာနာ၊ စေ့ဆော်တတ်သည်ဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်ကုန်၏။ အဝိဇ္ဇာပဒဋ္ဌာနာ၊ ကုန်၏။ ဝိညာဏံ၊ သည်။ ဝိဇာနနလက္ခဏံ၊ အထူးသဖြင့်သိခြင်း

လက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ နာမ်ရုပ်တို့၏ ရှေးသွား၏ အဖြစ်တည်းဟူသော ကိစ္စရှိ၏။ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ ပုရိမဘဝနှင့်တကွ စပ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ သင်္ခါရပဒဋ္ဌာနံ၊ သင်္ခါရလျှင် နီးသော အကြောင်းရှိ၏။ ဝါ၊ ကား။ ဝတ္ထာရမ္မဏပဒဋ္ဌာနံ၊ ဝတ္ထုအာရုံလျှင် နီးသော အကြောင်းရှိ၏။ နာမံ၊ သည်။ နမနလက္ခဏံ၊ အာရုံသို့ညွတ်ခြင်းလက္ခဏာ ရှိ၏။ သမ္ပယောဂရသံ၊ (ဝိညာဉ်နှင့်တကွဥင်း, အချင်းချင်းဥင်း) အညီ အညွတ်ကေုပ္ပါဒတာစသော အပြားတို့ဖြင့်ယှဉ်ခြင်းကိစ္စရှိ၏။ အဝိနိဗ္ဘောဂ-ပစ္စုပဋ္ဌာနံ၊ အသီးအသီးမဖြစ်ခြင်း မကွဲပြားခြင်းလျှင် ဉာဏ်အားရှေးရှု ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဉ်လျှင် နီးသောအ ကြောင်းရှိ၏။ ရူပံ၊ သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝိကိရဏရသံ၊ (သမ္ပယောဂလက္ခဏာ မရှိသည်၏အဖြစ်ကြောင့်) ဖရိုဖရဲ ကွဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ အဗျာကတတရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏၊ ဝါ၊ အာရုံကိုမယူတတ်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏[၁]။ ဝိညာဏပဒဋ္ဌာနံ၊ ၏။ သဠာယတနံ၊ သည်။ အာယ-တနလက္ခဏံ၊ ထိခိုက်ခြင်းလက္ခဏာရှိ၏၊ ဝါ၊ အမွန်ရှည်စွာသော သံသရာ ဝဋ်ကိုချဲ့ခြင်းလက္ခဏာရှိ၏။ ဒဿနရသံ၊ မိမိဉစ္စာဖြစ်သော အာရုံကိုယူခြင်း တွေ့ခြင်းကိစ္စရှိ၏[၂]။ ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ၊ (ထိုက်သည်အားလျော်စွာ ပဉ္စဝိညာဏဓာတ်, မနောဝိညာဏဓာတ်, မနောဓာတ်တို့၏) ဝတ္ထုအဖြစ် ဒွါရအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏။ (ဝတ္ထုဂ္ဂဟဏဒွေဝတ္ထု စက္ခာဒိပဉ္စကာပေက္ခံ။) နာမရူပပဒဋ္ဌာနံ၊ ရှိ၏။ ဖဿော၊ သည်။ ဖုသန-လက္ခဏော၊ အာရုံကိုတွေ့ခြင်းလက္ခဏာရှိ၏။ သံဃဋ္ဋနရသော၊ အာရုံကို ပွတ်ချုပ်ထိပါးခြင်းကိစ္စရှိ၏။ သင်္ဂတိပစ္စုပဋ္ဌာနော၊ ဝတ္ထုအာရုံ ဝိညာဉ်

၁-နာမဿ ကဒါစိ ကုသလာဒိဘာဝေပိ အတ္တီတိ တတော ဝိသေသနတ္ထံ အဗျာ-ကတပစ္စုပဋ္ဌာနန္တိ ဝုတ္တံ၊ အစေတနော အဗျာကတောတိ ဧတ္ထ ဝိယ အနာရမ္မဏတာ ဝါ အဗျာကတာ ဒဋ္ဌဗ္ဗာ။ ဋီကာ။ အနာရမ္မဏပရိယာယေဝေတ္ထ အဗျာကတသဒ္ဒေါ။ မဓု။ (ပြည်)

၂-ခပ်သိမ်းသောစက္ခု၊ သောတ စသော အာယတနတို့၏ မိမိဉစ္စာဖြစ်သော (မိမိနှင့် ဆိုင်သော) အာရုံကိုယူခြင်းသည်ပင်လျှင် တွေ့ခြင်းမြင်ခြင်းမည်၏၊ ထို့ကြောင့်သာလျှင်ဒဿန ကိစ္စဟူ၍ မှတ်လင့်။ ထိုကြောင့် ဋီကာ၌ "ဒဿနဿ ပကာသကံ ဝိသယဂ္ဂဟဏဿ ကရဏတော ဒဿနရသံ၊ ဒဿနာဒိရသန္တိ ပန သမ္ဘောဂဝိနောဒနံ ဝုတ္တံ" ဟု မိန့်သော်။ (ပြည်) ယခုစာကိုယ်၌မူ ဒဿနာဒိရသံ-ဟု ရှိ၏။ (ဆ-သံ-သော)

အကြောင်းသုံးပါးတို့၏ စုဝေးပေါင်းဆုံခြင်းအားဖြင့် ဉာဏ်အားရှေးရှု ထင်တတ်၏။ သင္ခါယတနပဒဋ္ဌာနော၊ ရှိ၏။ ဝေဒနာ၊ သည်။ အနုဘဝန-လက္ခဏာ၊ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၏။ ဝိသယရသ-သမ္ဘောဂရသာ၊ အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏။ သုခဒုက္ခ-ပစ္စုပဋ္ဌာနာ၊ သုခဒုက္ခဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ဖဿပဒဋ္ဌာနာ၊ ရှိ၏။ တဏှာ၊ သည်။ ဟေတုလက္ခဏာ၊ ဒုက္ခ၏အကြောင်း၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ အဘိနန္ဒနရသာ၊ ထိုထိုအာရုံဘုံဘဝတို့၌ အလွန်နှစ်သက်ခြင်းကိစ္စရှိ၏။ အတိတ္တဘာဝပစ္စုပဋ္ဌာနာ၊ စိတ်၏ ဝါ၊ ပုဂ္ဂိုလ်၏ရူပါရုံစသည်တို့၌ မရောင့်ရဲသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှု ထင်တတ်၏။ ဝေဒနာပဒဋ္ဌာနာ၊ ရှိ၏။ [၁၆၀] ဥပါဒါနံ၊ သည်။ ဂဟဏ-လက္ခဏံ၊ အာရုံကို ပြင်းစွာစွဲလမ်းခြင်း လက္ခဏာရှိ၏။ အမုဉ္စနရသံ၊ (တဏှာဒိဋ္ဌိအဘိနိဝေသ၏အစွမ်းဖြင့်) မလွှတ်ခြင်းကိစ္စရှိ၏။ တဏှာဒဠှတ္တ-ဒိဋ္ဌိပစ္စုပဋ္ဌာနံ၊ တဏှာဒဠှတ္တဖြစ်၍ ဒိဋ္ဌိဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏။ တဏှာပဒဋ္ဌာနံ၊ ရှိ၏။ ဘဝေါ၊ သည်။ ကမ္မကမ္မဖလလက္ခဏော၊ ကံ၏အဖြစ်, ကံ၏အကျိုး၏ အဖြစ်လျှင်လက္ခဏာရှိ၏။ ဘာဝနဘဝနရသော၊ ဖြစ်စေခြင်းကိစ္စ, ဖြစ်ခြင်းကိစ္စရှိ၏။ ကုသလာကုသလာဗျာကတပစ္စုပ-ဋ္ဌာနော၊ ကုသိုလ် အကုသိုလ်အဗျာကတဖြစ်၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ဥပါဒါနပဒဋ္ဌာနော၊ ရှိ၏။ ဇာတိအာဒီနံ၊ တို့၏။ပ။ ဝိညာဏဗ္ဗော၊ ၏။

၅၇၉။ ကေဝိဓာဒိတောတိ ဧတ္ထ၊ ၌။ အဝိဇ္ဇာ၊ သည်။ အညာဏာဒဿ-နမောဟာဒိဘာဝတော၊ ဓမ္မသဘောကိုမသိခြင်း, မမြင်ခြင်း, တွေဝေခြင်းစသည်တို့၏အဖြစ်ဖြင့်။ ကေဝိဓာ၊ အဖို့ရှိ၏။ (အာဒိသဒ္ဒေန အနနုဗောဓာဒီနံ သင်္ဂဟော။) အပ္ပဋိပတ္တိမိစ္ဆာပဋိပတ္တိတော၊ ဒုက္ခသစ္စာအစရှိသည် တို့ကိုမသိခြင်း, အသုဘစသည်တို့၌ သုဘစသည်ဖြင့် အမှားသိခြင်းအား ဖြင့်။ ဒုဝိဓာ၊ ၏။ သသင်္ခါရာသင်္ခါရတော၊ သသင်္ခါရအသင်္ခါရအားဖြင့်။ တထာ၊ တူ။ ဒုဝိဓာ၊ ၏။ ဝေဒနတ္တယသမ္ပယောဂတော၊ ဝေဒနာသုံးပါး အပေါင်းနှင့် ယှဉ်သောအားဖြင့်။ တိဝိဓာ၊ ၏။ စတုသစ္စာပဋိဝေဓတော၊ သစ္စာလေးပါးတို့ကို သိသောဉာဏ်၏ ဆန့်ကျင်ဖက်အားဖြင့်။ စတုဗ္ဗိဓာ၊ ၏။ ဂတိပဉ္စကာဒီနဝဇ္ဇာဒနတော၊ ဂတိငါးပါးအပေါင်း၌ အပြစ်ကို

ဖုံးလွှမ်းသောအားဖြင့်။ ပဋ္ဌဝိဓာ၊ ၏။ ပန၊ ဆက်ဆံသည်ကိုဆိုအံ့။ ဒွါရာ-ရမ္မဏတော၊ ခြောက်ပါးသောဒွါရ ခြောက်ပါးသောအာရုံ၌ ဖြစ်သောအားဖြင့်။ သဗ္ဗေသုပိ၊ ကုန်သော။ အရူပဓမ္မေသု၊ တို့၌။ ဆဗ္ဗိဓတော၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

သင်္ခါရာ၊ တို့သည်။ သာသဝဝိပါကဓမ္မဓမ္မာဒိဘာဝတော၊ သာသဝအဖြစ်, ဝိပါကဓမ္မဓမ္မအဖြစ် အစရှိသော သဘောအားဖြင့်။ ဧကဝိဓာ၊ ကုန်၏။ ကုသလာကုသလတော၊ ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရအားဖြင့်။ ဒုဝိဓာ၊ ကုန်၏။ ပရိတ္တ။ပ။ တတော၊ ပရိတ္တသင်္ခါရ, မဟဂ္ဂတ-သင်္ခါရ, ဟီနသင်္ခါရ, မဇ္ဈိမသင်္ခါရ, မိစ္ဆတ္တနိယတသင်္ခါရ, အနိယတသင်္ခါရအားဖြင့်။ တထာ၊ တူ။ ဒုဝိဓာ၊ ကုန်၏။ ပုညာဘိသင်္ခါရာဒိဘာဝတော၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရအားဖြင့်။ တိဝိ-ဓာ၊ ကုန်၏။ စတုယောနိသံဝတ္တနတော၊ လေးပါးသောယောနိ၌ အကျုံးဝင်သော အတ္တဘောကို ဖြစ်စေတတ်သောအားဖြင့်။ စတုဗ္ဗိဓာ၊ ကုန်၏။ ပဉ္စဂတိဂါမိတော၊ ငါးပါးသောဂတိသို့ လားစေတတ်သောအားဖြင့်။ ပဉ္စဝိဓာ၊ ကုန်၏။

ဝိညာဏံ၊ သည်။ လောကိယဝိပါကာဒိဘာဝတော၊ လောကီဝိပါက် ဝိညာဉ်အစရှိသော အဖြစ်အားဖြင့်။ ဧကဝိဓံ၊ ၏။ သဟေတုကာဟေတု-ကာဒိတော၊ သဟေတုကအဟေတုက အစရှိသောအားဖြင့်။ ဒုဝိဓံ၊ ၏။ ဘဝတ္တယပရိယာပန္နတော၊ ဘဝသုံးပါးအပေါင်း၌ အကျုံးဝင်သောအားဖြင့်ရင်း။ ဝေဒနတ္တယသမ္ပယောဂတော၊ ဝေဒနာသုံးပါးအပေါင်းနှင့် ယှဉ်သောအားဖြင့်ရင်း။ အဟေတုကဒွိဟေတုကတိဟေတုကတော စ၊ အဟိတ်, ဒွိဟိတ်, တိဟိတ်အားဖြင့်ရင်း။ တိဝိဓံ၊ ၏။ ယောနိဂတိဝသေန၊ လေးပါးသောယောနိ, ငါးပါးသောဂတိတို့၏အစွမ်းဖြင့်။ စတုဗ္ဗိဓံ စ၊ ရင်း။ ပဉ္စဝိဓဉ္စ၊ ရင်း။ ဟောတိ၊ ၏[၁]။

နာမရူပံ၊ သည်။ ဝိညာဏသန္နိဿယတော၊ ဝိညာဉ်ဟူသောမှီရာရှိသောအားဖြင့်ရင်း။ ကမ္မပစ္စယတော စ၊ ကံဟူသော အကြောင်းရှိသော

၁-အဋ္ဌကထာ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက၊ ဤကားယောနိလေးပါး။ နိရယ, ပေတ, တိရစ္ဆာန, မနုဿ, ဒေဝဂတိ၊ ဤကားဂတိငါးပါး။

အားဖြင့်ငှင်း။ ကေဝိစံ၊ ၏။ သာရမ္မဏာနာရမ္မဏတော၊ အာရုံကိုယူတတ်သည့်, မယူတတ်သည်၏ အဖြစ်အားဖြင့်။ ဒုဝိစံ၊ ၏။ အတီတာဒိတော၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့်။ တိဝိစံ၊ ၏။ ယောနိဂတိဝသေန၊ ဖြင့်။ စတုဗ္ဗိဓံ စ၊ သည်လည်းငှင်း။ ပဉ္စဝိဓဉ္စ၊ သည်လည်းငှင်း။ ဟောတိ၊ ၏။

သဠာယတနံ၊ သည်။ သဠာတိသမောသရဏဋ္ဌာနတော၊ ဝိညာဉ်, ထိုဝိညာဉ်နှင့် သမ္ပယုတ်ဖြစ်သောတရားတို့၏ ဖြစ်ရာအရပ် စုဝေးရာတည်ရာအရပ်၏အဖြစ်ဖြင့်။ ကေဝိစံ၊ ၏။ ဘူတပ္ပသာဒဝိညာဏတော၊ ဘုတ်ကိုကြည်စေတတ်သောရုပ်၏အဖြစ်, ဝိညာဉ်၏အဖြစ်အားဖြင့်[၁]။ ဒုဝိစံ၊ ၏။ သမ္ပတ္တာသမ္ပတ္တနောဘယဂေါစရတော၊ ရောက်သောအာရုံ, မရောက်သောအာရုံ, နှစ်ပါးစုံမဟုတ်သောအာရုံကို ယူတတ်သောအဖြစ်အားဖြင့်။ တိဝိစံ၊ ၏[၂]။ ယောနိဂတိပရိယာပန္နတော၊ လေးပါးသောယောနိ ငါးပါးသော ဂတိတို့၌ အကျုံးဝင်သောအဖြစ်အားဖြင့်။ စတုဗ္ဗိဓံ စ၊ သည်ငှင်း။ ပဉ္စဝိဓဉ္စ၊ သည်ငှင်း။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ဣမိနာ နယေန၊ ဖြင့်။ ဖဿာဒီနမ္ပိ၊ တို့၏လည်း။ ဧကဝိဓာဒိဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။ ဇဝံ-ဝုတ္တနယေန၊ ဖြင့်။ ဧတ္ထ၊ ၌။ ဧကဝိဓာဒိတောပိ၊ ဖြင့်လည်း။ ဝိနိစ္ဆယော၊ ကို။ ဝိညာတဗ္ဗော၊ ၏။

၅၉၀။ အင်္ဂါနဉ္စ ဝဝတ္ထာနာတိ၊ ကား။ စ၊ အကျယ်ကိုဆိုအံ့။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်၌။ သောကာဒယော၊ တို့ကို။ ဘဝစက္ကဿ၊ ဘဝစက်၏။ အဝိစ္ဆေဒဒဿနတ္ထံ၊ မပြတ်ခြင်းကိုပြခြင်း အကျိုးငှါ။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဟိ၊ ချဲ့အံ့။ ဇရာမရဏာဘိဘူတဿ၊ ဇရာမရဏသည် နှိပ်စက်အပ်သော။ ဗာလဿ၊ ပညာနည်းသောသူအား။ တေ သောကာဒယော၊ တို့သည်။ သမ္ဘဝန္တိ၊ ၏။ [၁၆၁] ယထာဟ၊ ကား။ ဘိက္ခဝေ၊ တို့။

၁-ဘူတပ္ပသာဒဝိညာဏတောတိ ပါဌော ယုတ္တော။ ဋီကာ။ အာဒိ-သဒ္ဒါရှိသည်ကား သင့်စရာရှာ၍မရ သိမ်းရတော့မည်လော? ဝိညာဏာဒိတောတိ ပန ပဌန္တိ၊ ကေသေသန-ယေန ဗာဟိရာယတနဿာပိ သင်္ဂဟေ သတိ အာဒိသဒ္ဒေန တဿ သင်္ဂဟိတတာ ဒဋ္ဌဗ္ဗာ။ ငှင်း။

၂-သမ္ပတ္တကား-ဃာနာဒိတ္တယကိုရည်သည်။အသမ္ပတ္တကား-စက္ခုသောတကိုရည်သည်။ နောဘယဂေါစရကား-မနာယတနကိုရည်သည်။

အသုတဝါ၊ သုတမရှိသော။ ပုထုဇ္ဇနော၊ သည်။ ကာယိကာယ၊ ကိုယ်၌ဖြစ်သော။ ဒုက္ခာယ၊ သော။ ဝေဒနာယ၊ သည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သည်၊ ဝါ၊ တွေ့အပ်သည်။ သမာနော၊ ဖြစ်လတ်သော်။ သောစတိ၊ စိုးရိမ်၏။ ကိလမတိ၊ ပင်ပန်း၏။ ပရိဒေဝတိ၊ ငိုကြွေး၏။ ဥရတ္တာဠိံ၊ ရင်တီးခတ်လျက်။ ကန္ဒတိ၊ မြည်တမ်း၏။ သမ္မောဟံ၊ ပြင်းစွာတွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ယာဝ စ၊ အကြင်မျှလောက်သော ကာလပတ်လုံးလည်း။ တေသံ သောကာဒီနံ၊ တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ၏။ တာဝ၊ လုံး။ အဝိဇ္ဇာယ၊ ၏။ ပဝတ္တိ၊ သည်။ ဟောတိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့အဝိဇ္ဇာ၏ဖြစ်ခြင်း ရှိသောကြောင့်။ ပုနပိ၊ လည်း။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ တို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဘဝစက္ကံ၊ သည်။ သမ္ဗန္ဓမေဝ၊ အဆက်မပြတ်စပ်သည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့အဆက်မပြတ်သည်၏ အဖြစ်ကြောင့်။ တေသံ သောကာဒီနံ၊ တို့၏။ ဇရာမရဏေနေဝ၊ ဇရာမရဏဖြင့်သာလျှင်။ ဧကသမ္ဗန္ဓံ၊ တခုသော အလွှာကို၊ ဝါ၊ တခုသောအဖွဲ့ကို။ ကတွာ၊ ၍။ ပဋိစ္စသမုပ္ပါဒင်္ဂါနိ၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့သည်။ ဒွါဒသေဝ၊ တဆဲ့နှစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဧဝံ-ဝုတ္တနယေန၊ ဖြင့်။ ဧတ္ထ၊ ၌။ပ။ ဝိညာတဗ္ဗော၊ ၏။

အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်၌။ တာဝ၊ စွာ။ သင်္ခေပကထာ၊ အကျဉ်းစကား တည်း။

## အဝိဇ္ဇာပစ္စယာသင်္ခါရပဒကထာ

၅၉၁။ အယံ ပန၊ လတ့်သည်ကား။ ဝိတ္ထာရနယော၊ အကျယ်ဖြစ်သောနည်းတည်း။ အဝိဇ္ဇာတိ၊ ကား။ သုတ္တန္တပရိယာယေန၊ သုတ္တန်ဒေသနာဟူသော ပရိယာယ်အားဖြင့်။ ဒုက္ခာဒီသု၊ ကုန်သော။ စတူသု ဌာနေသု၊ လေးဌာနတို့၌။ အညာဏံ၊ မသိခြင်းမောဟတည်း။ အဘိဓမ္မ-ပရိယာယေန၊ အဘိဓမ္မာဒေသနာတော်အားဖြင့်။ ပုဗ္ဗန္တာဒီဟိ၊ ပုဗ္ဗန္တ အစရှိသည်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အဋ္ဌသု ဌာနေသု၊ ရှစ်ဌာနတို့၌။ အညာဏံ၊ မသိခြင်းမောဟတည်း။ပ။ တတ္ထ၊ ထိုပဋိစ္စသမုပ္ပါဒ်၌။ အဝိဇ္ဇာ၊ သည်။

ကတမာ၊ အဘယ်နည်း။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ အညာဏံ၊ မသိခြင်းမောဟ
သည်ရင်း။ပ။ ဒုက္ခနိရောဓဂါမိနိယာ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်
ကြောင်းဖြစ်သော။ ပဋိပဒါယ၊ အကျင့်ဖြစ်သောမဂ္ဂသစ္စာ၌။ အညာဏံ၊
မသိခြင်းမောဟသည်ရင်း။ ပုဗ္ဗန္တေ၊ ရှေးအစွန်း၌။ အညာဏံ၊ သည်ရင်း။ပ။
ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု၊ ဤဇရာမရဏစသည်တို့၏ အ
ကြောင်းဖြစ်သော ဇာတိစသော ပဋိစ္စသမုပ္ပါဒ်, ဇရာမရဏစသော ပဋိစ္စ-
သမုပ္ပန္နဓမ္မတို့၌။ အညာဏံ၊ မသိခြင်းမောဟသည်ရင်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာ
မည်၏။ တတ္ထ၊ ထိုရှစ်ပါးသောဌာနတို့တွင်။ လောကုတ္တရံ၊ သော။ သစ္စဒွယံ၊
ကို။ ဌပေတွာ၊ ၍။ သေသဋ္ဌာနေသု၊ ကြွင်းသော လောကီသစ္စာနှစ်ပါး,
ပုဗ္ဗန္တအစရှိသောအရာတို့၌။ အာရမ္မဏဝသေနာပိ၊ အာရုံပြုသောအစွမ်း
ဖြင့်လည်း။ (ကရဏ-ကြေ) အဝိဇ္ဇာ၊ သည်။ ကိစ္စာပိ ဥပ္ပဇ္ဇတိ၊ ပေ၏။
ဧဝံ သန္တေပိ၊ ဤသို့အာရုံပြုသောအားဖြင့် ဖြစ်ငြားသော်လည်း။ ပဋိစ္ဆာ-
ဒနဝသေနေဝ၊ သဘောကိုဖုံးလွှမ်းသည်၏အစွမ်းဖြင့်သာလျှင်။ ဣဓ၊ ဤ
ဒုက္ခေအညာဏံ-စသောပါဠိ၌။ အဓိပ္ပေတာ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဥပ္ပန္နာ၊
အသမူဟတုပ္ပန္နဖြစ်သော။ သာ၊ ထိုအဝိဇ္ဇာသည်[၁]။ (ပဂေဝ ပစ္စုပ္ပန္နာ-ဟု
ဖော်။) ဒုက္ခသစ္စံ၊ ကို။ (ပဋိစ္ဆာဒေတွာ၊ ၍[၂]။ တိဋ္ဌတိ၊ ၏။ ယာထာဝ-
သရသလက္ခဏံ၊ မဖောက်မပြန်ဟုတ်မှန်သော မိမိ၏သဘောလက္ခဏာကို[၃]။
ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍သိခြင်းငှါ။ န ဒေတိ၊ မပေး။ တထာ၊ တူ။ သမု-
ဒယံ၊ ကိုရင်း။ပ။ ပုဗ္ဗန္တသခ်ါတံ၊ ပုဗ္ဗန္တ-ဟုဆိုအပ်သော။ အတီတံ၊ သော။
ခန္ဓပဉ္စကံ၊ ကိုရင်း။ပ။ တဒုဘယံ၊ ထိုနှစ်ပါးကိုရင်း။ ဣဒပ္ပစ္စယတာပဋိစ္စ-
သမုပ္ပန္နသခ်ါတံ၊ န္န-ဟုဆိုအပ်သော။ ဣဒပ္ပစ္စယတဉ္စေဝ၊ ဤဇရာမရဏတို့၏

---

၁-ပဋိစ္ဆာဒနဝသေနေဝ-ဟူ၏၊ ဖြစ်ဆဲသော ပစ္စုပ္ပန်အဝိဇ္ဇာသည်သာ ဖုံးလွှမ်း၍ဖြစ်
သလော၊ အဘယ့်ကြောင့် အဘယ်ကိုဖုံးလွှမ်းသနည်းဟု။ ကား သာ ဟိ ဥပ္ပန္နာ-စသည်ကို
မိန့်သည်။

၂-ပဋိစ္ဆာဒေတွာတိ ဧတ္ထ ဝုတ္တံ ပဋိစ္ဆာဒနာကာရံ ဒဿေတုံ "ယာထာဝသရသလက္ခဏံ
ပဋိဝိဇ္ဈိတုံ န ဒေတီ"တိ ဝုတ္တံ။

၃-အဘယ့်ကြောင့် ရသကို သဘောဟူသနည်း? ရသိတဗ္ဗော ပဋိဝိဇ္ဈိတဗ္ဗော သဘာ-
ဝေါ ရသော အတ္တနော ရသော သရသော၊ ယထာဝေါ ယာထာဝဘူတော သရသော
ယာထာဝသရသော။ ယော ပီဠနဋ္ဌာတိအာဒိနာ ဝုတ္တော၊ ဒုက္ခသစ္စပ္ပဘေဒါ ဧဝ စ
ပုဗ္ဗန္တာဒယော။ သော ဧဝ လက္ခိတဗ္ဗတ္တာ ယာထာဝသရသလက္ခဏံ။ တံ ပဋိဝိဇ္ဈိတုံ
ပစ္စက္ခတော ဇာနိတုံ န ဒေတိ။ ဋီကာ။

အကြောင်းဖြစ်သော ဇာတိစသည်ကိုင်း။ ပဋိစ္စသမုပ္ပန္နဓမ္မေ စ၊ ဇာတိစသော အကြောင်းကြောင့်ဖြစ်ကုန်သော ဇရာမရဏစသော အကျိုးတရားတို့ကိုင်း။ ပဋိစ္စဒေတွာ၊ ၍။ တိဋ္ဌတိ၊ ၏။ "အယံ၊ ဤမေဝဟာသည်။ အဝိဇ္ဇာ၊ မည်၏။ ဣမေ၊ ဤစေတနာတို့သည်။ သင်္ခါရာ၊ ကုန်၏။" ဣတိ ဝေံ၊ သို့။ ဧတ္ထ၊ ဤဒုက္ခသစ္စာစသော တရားအပေါင်း၌။ ယာထာဝသရသလက္ခဏံ၊ ကို။ ပဋိဝိဇ္ဈိတုံ၊ ငှါ။ န ဒေတိ၊ မပေး။ တသ္မာ၊ ကြောင့်။ ဒုက္ခေ အညာဏံ။ပ။ ဉာဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၅၉၂။ သင်္ခါရာတိ၊ ကား။ တယော၊ သုံးပါးကုန်သော။ ပုညာဒယော၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ငင်း။ တယော၊ ကုန်သော။ ကာယသင်္ခါရာဒယော၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့ငင်း။ ဣတိ ဝေံ၊ သို့။ ပုဗ္ဗေ၊ ရှေး၌။ သင်္ခေပတော၊ အားဖြင့်။ ဝုတ္တာ၊ ကုန်သော။ ဆ၊ ခြောက်ပါးသောသင်္ခါရတို့တည်း။ ပန၊ အကျဉ်းမှတသွယ် အကျယ်ကိုပြဆိုအံ့။ ဝိတ္ထာရတော၊ အားဖြင့်။ ဧတ္ထ၊ ဤသင်္ခါရ-ဟူသောပုဒ်၌။ ပုညာဘိသင်္ခါရော၊ သည်။ ဒါနသီလာဒိဝသေန၊ အစွမ်းဖြင့်။ ပဝတ္တာ၊ ကုန်သော။ အဋ္ဌ၊ ကုန်သော။ ကာမာဝစရကုသလစေတနာ၊ တို့ငင်း။ ဘာဝနာဝသေနေဝ၊ ဖြင့်သာလျှင်။ ပဝတ္တာ၊ ကုန်သော[၁]။ ပဉ္စ၊ ကုန်သော။ ရူပါဝစရကုသလစေတနာ စ၊ စေတနာတို့ငင်း။ ဣတိ၊ သို့။ တေရသ စေတနာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ (ဝိကတိကိုငဲ့သည်) တနည်း။ စေတနာ၊ တို့သည်။ ပုညာဘိသင်္ခါရော၊ မည်သည်။ ဟောန္တိ၊ ကုန်၏။ ပါဏာတိပါတာဒိဝသေန၊ ဖြင့်။ ပဝတ္တာ၊ ကုန်သော။ ဒွါဒသ အကုသလစေတနာ၊ တို့သည်။ [၁၆၂] အပုညာဘိသင်္ခါရော၊ မည်သည်။ ဟောန္တိ၊ ကုန်၏။ ဘာဝနာဝသေနေဝ၊ ဖြင့်သာလျှင်။ ပဝတ္တာ၊ ကုန်သော။ စတဿော၊ ကုန်သော။ အရူပါဝစရကုသလစေတနာ၊ တို့သည်။ အာနေဉ္ဇာဘိသင်္ခါရော၊ မည်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ တယောပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ သင်္ခါရာ၊ တို့သည်။ ဧကူနတိံသ စေတနာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

---

၁-န ဒါနသီလဝသေန-ဟု ဝေ-၏ ဖလဖော်၊ အရူပစေတနာသည်လည်း ဘာဝနာအားဖြင့်သာ ဖြစ်ရကား ပဉ္စ-စသည်ကို မိန့်သော်။ (ပြည်)

ပန၊ ထိုမှတပါး။ ဣတရေသု၊ ဤမှတပါးကုန်သော။ တီသု၊ သုံးပါး ကုန်သော ကာယသမ္ဖဿရစသည်တို့၌။ ကာယသမ္ဖဿဇာ ဝေဒနာ၊ ကာယဒွါရဖြင့် ဖြစ်စေအပ်သောဝေဒနာသည်၊ ဝါ၊ ကာယဒွါရမှဖြစ်သောဝေဒနာသည်၊ ဝါ၊ ကာယဒွါရ၏ဝေဒနာသည်။ ကာယသမ္ဖဿရော၊ ကာယသမ္ဖဿရမည်၏။ (သေ နယော ဣတရေသု ဒွီသု) အယံ တိကော၊ ဤတိက်ကို။ ကမ္မာယူ- ဟနက္ခဏေ၊ ကံကိုအားထုတ်သောခဏ၌။ ပုညာဘိသင်္ခါရာဒီနံ၊ တို့၏။ ဒွါရတော၊ အားဖြင့်။ ပဝတ္တိဒဿနတ္ထံ၊ ဖြစ်ခြင်းကိုပြခြင်းငှါ။ ဝုတ္တော၊ ၏။ ဟိ၊ ချဲ့အံ့။ ကာယဝိညတ္တိံ၊ ကို။ သမုဋ္ဌာပေတွာ၊ ၍။ ကာယဒွါရ- တော၊ မှ။ ပဝတ္တာ၊ ကုန်သော။ အဋ္ဌ၊ ကုန်သော။ ကာမာဝစရကုသလ- ဝေဒနာ၊ နာတို့ငှင်း။ ဒွါဒသ၊ ကုန်သော။ အကုသလဝေဒနာ၊ နာတို့ ငှင်း။ ဣတိ၊ သို့။ သမဝီသတိဝေဒနာ၊ နှစ်ဆယ်တိတိသော ဝေဒနာတို့ သည်။ ကာယသမ္ဖဿရော နာမ၊ မည်၏။ ဝစီဝိညတ္တိံ၊ ကို။ သမုဋ္ဌာ- ပေတွာ၊ ၍။ ဝစီဒွါရတော၊ မှ။ ပဝတ္တာ၊ ကုန်သော။ တာ ဧဝ၊ ထိုဆိုအပ်ပြီးသော နှစ်ဆယ်တိတိသော ဝေဒနာတို့သည်ပင်လျှင်။ ဝစီ- သင်္ခါရော နာမ၊ မည်၏။ ပန၊ ထူးသည်ကိုဆိုအံ့။ ဧတ္ထ-ကာယဝစီသင်္ခါ- ရဂ္ဂဟဏေ၊ ဤကာယသင်္ခါရ ဝစီသင်္ခါရကိုယူရာ၌။ (တနည်း) ဧတ္ထ- ကာယဝစီသဉ္စေတနာဂ္ဂဟဏေ၊ ဤကာယသဉ္စေတနာ, ဝစီသဉ္စေတနာကို ယူရာ၌။ အဘိညာစေတနာ၊ ကို။ (န ဂတိတာ-၌စပ်) ပရတော၊ ၌။ ဝိညာဏဿ၊ အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။ ဣတိ-တသ္မာ၊ ကြောင့်။ (အဋ္ဌကထာယံ၊ ပေါရာဏအဋ္ဌကထာ၌။) န ဂဟိတာ၊ မယူအပ်။ စ၊ ဆက်။ အဘိညာစေတနာ၊ သည်။ ဝိညာဏဿ၊ အား။ ပစ္စယော၊ သည်။ န ဟောတိ ယထာ၊ သို့။ ဧဝံ၊ တူ။ ဥဒ္ဓစ္စ- ဝေဒနာပိ၊ သည်လည်း။ ဝိညာဏဿ၊ အား။ ပစ္စယော၊ သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ သာပိ၊ ထိုဥဒ္ဓစ္စစေတနာကိုလည်း။ ဝိညာဏဿ၊ ပြည့်စုံသောဝိပါက်ဝိညာဉ်အား။ ပစ္စယဘာဝေ၊ ၌။ အပနေတဗ္ဗာ၊ ပယ်အပ်၏။ ပန၊ ထိုသို့ ပယ်အပ်သော်လည်း။ အဝိဇ္ဇာ- ပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သဗ္ဗာ၊ ကုန်သော။ တောပိ၊ ထိုအဘိညာဉ်စေတနာ,ဥဒ္ဓစ္စစေတနာတို့သည်လည်း။ (တနည်း) သဗ္ဗာပိ၊ ကုန်သော။ တော၊ ထိုနှစ်ဆယ်တိတိသော ဝေဒနာတို့သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ထိုမှတပါး။ ဥဘောပိ၊ ကုန်သော။ ဝိညတ္တိယော၊

ကာယ ဝိညတ်, ဝစီဝိညတ်တို့ကို။ အသမုဋ္ဌာပေတွာ၊ မဖြစ်စေမူ၍။ မနောဒွါရေ၊ ၌။ ဥပ္ပန္နာ၊ ကုန်သော။ သဗ္ဗာပိ၊ ကုန်သော။ ကူနတိံသတိစေတနာ၊ တို့သည်။ စိတ္တသင်္ခါရော၊ မည်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ဣတိ-ဝုတ္တနယေန၊ ဖြင့်။ အယံ တိကော၊ ဤကာယသင်္ခါရတိက်သည်။ ပုရိမတ္တိကမေဝ၊ ရှေးဖြစ်သော ပုညာဘိသင်္ခါရတိက်သို့သာလျှင်။ ပဝိသတိ၊ ဝင်၏။ ဣတိ-တသ္မာ၊ ကြောင့်။ အတ္ထတော၊ အားဖြင့်။ ပုညာဘိသင်္ခါရာဒီနံယေဝ၊ တို့၏သာလျှင်။ ဝသေန၊ ဖြင့်။ အဝိဇ္ဇာယ၊ ၏။ ပစ္စယဘာဝေါ၊ သင်္ခါရတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။

၅၉၃။ တတ္ထ၊ ထိုပဋိစ္စသမုပ္ပါဒ်၌။ ဣမေ သင်္ခါရာ၊ တို့သည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ ဟောန္တိ၊ ကုန်၏။ ဣတိ တေံ ကာရဏံ၊ ကို။ ကထံ ပန၊ အဘယ်သို့လျှင်။ ဇာနိတဗ္ဗံ၊ သိအပ်သနည်း။ ဣတိ၊ သို့။ စောဒကဿ၊ ၏။ စောဒနာ၊ သည်။ သိယာ၊ ဖြစ်သင့်၏၊ ဝါ၊ ရာ၏။ အဝိဇ္ဇာဘာဝေ-အဝိဇ္ဇာယ အတ္ထိဘာဝေ၊ အဝိဇ္ဇာ၏ထင်ရှားရှိသည်၏အဖြစ်သည်။ (သတိ၊ သော်။ သင်္ခါရာနံ၊ တို့၏။) ဘာဝတော-အတ္ထိဘာဝတော၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ ဇာနိတဗ္ဗံ၊ ၏။ ။ဟိ၊ ထင်ရှားပြအံ့။ ယဿ၊ အကြင်သူအား။ ဒုက္ခာဒီသု၊ တို့၌။ အဝိဇ္ဇာသင်္ခါတံ၊ အပ်သော။ အညာဏံ၊ ဉာဏ်၏ဆန့်ကျင်ဖက်မောဟသည်။ အပ္ပဟီနံ၊ မင်္ဂဖြင့်မပယ်အပ်သေးသည်။ ဟောတိ၊ ၏[၁]။ သော၊ ထိုမောဟကို မပယ်သေးသောသူသည်။ တာဝ၊ စွာ။ ဒုက္ခေ၊ ဒုက္ခ၌ရင်း။ ပုဗ္ဗန္တာဒီသု စ၊ ရှေးလွန်လေပြီးသော ခန္ဓာပဉ္စကစသည်တို့၌ရင်း။ အညာဏေန၊ ဉာဏ်၏ဆန့်ကျင်ဖက်ဖြစ်သောမောဟဖြင့်၊ ဝါ၊ မသိခြင်းကြောင့်။ သံသာရဒုက္ခံ၊ (ဒုက္ခဒုက္ခ,ဝိပရိဏာမဒုက္ခ,သင်္ခါရဒုက္ခအဖြစ်တို့ဖြင့် ဒုက္ခဟူ၍သာ ပညာရှိတို့ယူအပ်သော) သံသရာဆင်းရဲကို။ သုခသညာယ၊ ချမ်းသာဟုမှတ်သဖြင့်။ ဂဟေတွာ၊ အမှားကြီးယူ၍။ (ဤပါဌ်ဖြင့် ထိုသံသာရဒုက္ခ၌ပင် တဏှာဖြစ်ခြင်းကိုပြသည်) တဿေဝ သံသာရဒုက္ခဿ၊ ၏သာလျှင်။ ဟေတုဘူတေ၊ ကုန်သော။ တိဝိဓေပိ၊ ကုန်သော။ သင်္ခါရေ၊ တို့ကို။ အာရဘတိ၊

---

၁-ဤ၌ အပ္ပဟီနံ- ပါဌ်ဖြင့် မဂ်ဖြင့်မချုပ်ခြင်းသည် အဝိဇ္ဇာ၏ အတ္ထိဘာဝတည်း၊ ဖြစ်ပေါ်လျက် ထင်ရှားရှိသည်၏ အဖြစ်သည်သာလျှင် အတ္ထိဘာဝမည်သည်မဟုတ်ဟုပြ၏။ အဝိဇ္ဇာသင်္ခါတံ-ဟူသော ဝိသေသနဖြင့် ဉာဏ်၏ အဘာဝစသည်ကို နစ်စေသည်၊ ဝိဇ္ဇာ၏ ပဋိပက္ခသည် အဝိဇ္ဇာဖြစ်ရကား ဉာဏ်၏ပဋိပက္ခမေမှကို အညာဏဟု သိအပ်၏။ (ပြည်)

ဖြစ်စေ၏။ သမုဒယော၊ ၌။ အညာဏေန၊ ဖြင့်၊ ဝါ၊ ကြောင့်။ ဒုက္ခ-ဟေတုဘူတေပိ၊ ဒုက္ခ၏အကြောင်းဖြစ်လျက်လည်း။ တဏှာပရိက္ခာရေ၊ တဏှာသည် သုဘသုခ ဤသို့စသည်ဖြင့်ပြုပြင်အပ်, တန်းဆာဆင်အပ်ကုန်သော၊ ဝါ၊ တဏှာ၏အခြံအရံဖြစ်ကုန်သော။ သခါရေ၊ တို့ကို။ သုခ-ဟေတုတော၊ သုခ၏အကြောင်းဟူ၍။ မညမာနော၊ အောက်မေ့သည်ဖြစ်၍။ အာရဘတိ၊ ၏။ ပန၊ ထိုမှတပါး။ နိရောဓေ၊ ၌ရင်း။ မဂ္ဂေ စ၊ ၌ရင်း။ အညာဏေန၊ ဖြင့်၊ ဝါ၊ ကြောင့်။ ဒုက္ခဿ၊ ၏။ အနိရောဓ-ဘူတေပိ၊ ချုပ်ရာမဟုတ်သည်ဖြစ်လျက်လည်း။ ဂတိဝိသေသေ၊ ဗြဟ္မာပြည်စသော ဂတိအထူး၌။ ဒုက္ခနိရောဓသညီ၊ ဒုက္ခ၏ချုပ်ရာဟုမှားသော အမှတ်ရှိသည်။ ဟုတွာ၊ ၍။ နိရောဓဿ၊ ၏။ အမဂ္ဂဘူတေသုပိ၊ အကြောင်းမဟုတ်သည် ဖြစ်ကုန်လျက်လည်း။ ယညာမရတပါဒိသု၊ ယဇ်ပူဇော်ခြင်းနိဗ္ဗာန်အကျိုးရှိ၏ဟု အမှားယူအပ် စွဲလမ်းအပ်သော ပဉ္စာတပစသော ဒုက္ကရကိရိယာ အကျင့်စသည်တို့၌၊ ဝါ၊ နတ်ဖြစ်ခြင်းအကျိုးငှါ ကျင့်အပ်သော အကျင့်စသည်တို့၌၊ ဝါ၊ ဆင်းရဲသည်၏အဖြစ်ကြောင့် သေစေတတ်သော အကျင့်စသည်တို့၌။ (ဋီကာနှင့်အညီအမရတပ ၃-နက်) နိရောဓ-မဂ္ဂသညီ၊ နိရောဓသို့ရောက်ကြောင်းဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဒုက္ခနိရောဓံ၊ ကို။ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍။ ယညာမရတ-ပါဒိမုခေန၊ ယညအမရတပစသည်ကို အကြောင်းပြုသဖြင့်။ တိဝိဓေပိ၊ ကုန်သော။ သခါရေ၊ တို့ကို။ အာရဘတိ၊ ၏။

အပိစ၊ တနည်းလည်း။ သော၊ ထိုမောဟပိတ်ပင် ဉာဏ်အမြင်ကင်းသောသူသည်။ စတူသု သစ္စေသု၊ တို့၌။ တာယ အပ္ပဟီနာဝိဇ္ဇတာယ၊ ထိုသို့မပယ်အပ်သော အဝိဇ္ဇာရှိသည်၏အဖြစ်ကြောင့်။ ဝိသေသတော၊ အားဖြင့်။ ဇာတိဇရာမရဏာဒိအနေကာဒီနဝဝေါကိဏ္ဏမ္ပိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းစသော တပါးမကမျှားသောအပြစ်ဖြင့် ပြွမ်းသည်ဖြစ်လျက်လည်း။ ပုညဖလသခ်ါတံ၊ ကောင်းမှု၏အကျိုးဟုဆိုအပ်သော။ ဒုက္ခံ၊ ဒုက္ခအပေါင်းကို။ ဒုက္ခတော၊ ဟူ၍။ အဇာနန္တော၊ မသိသည်ဖြစ်၍၊ ဝါ၊ မသိခြင်းကြောင့်။ တဿ၊ ထိုပုညဖလဟုဆိုအပ်သောဒုက္ခကို။ အဓိဂမာယ၊ ရခြင်းငှါ။ ကာယဝစီစိတ္တသခ်ါရဘေဒံ၊ ရအပြားရှိသော။ [၁၆၃] ပုညာဘိ-သခ်ါရံ၊ ကို။ အာရဘတိ၊ ၏။ ကိမိဝ၊ ကား။ ဒေဝစ္ဆရကာမကော၊ နတ်သမီးကို အလိုရှိသောသူသည်။ မရုပ္ပပါတံ၊ တောင်ဖျားမှခုန်ဆင်းခြင်း

ကို။ အာရဘတိ ဝိယ၊ သို့တည်း။ စ၊ ပါး။ သုခသမ္မတဿာပိ၊ သုခဟု သမုတ်အပ်သော်လည်း။ တဿ ပုညပ္ဖလဿ၊ ထိုကောင်းမှုအကျိုး၏။ အန္တေ၊ အဆုံးဟုဆိုအပ်သော စုတိအံ့သောအခါ၌။ မဟာပရိဠာဟဇနိကာံ၊ ပြင်းစွာသောပူလောင်ခြင်းကို ဖြစ်စေတတ်သော။ ဝိပရိဏာမဒုက္ခတာံ၊ ဝိပရိဏာမ ဒုက္ခအဖြစ်ကိုင်း။ အပ္ပသာဒတဉ္စ၊ သာယာအပ်သော သဘောမရှိသည်၏ အဖြစ်ကိုင်း၊ ဝါ၊ နည်းသောသာယာဖွယ်ရှိသည်၏ အဖြစ်ကိုင်း။ အပဿန္တောပိ၊ မမြင်သည်ဖြစ်၍လည်း၊ ဝါ၊ မမြင်ခြင်းကြောင့်လည်း။ တပ္ပစ္စယံ၊ ထိုဝိပရိဏာမဒုက္ခသဘောရှိသော သုဂတိဖလ၏ အကြောင်းဖြစ်၍ဖြစ်သော။ ဝုတ္တပ္ပကာရမေဝ၊ ဆိုအပ်ပြီးသော အပြားရှိသည်သာလျှင်ဖြစ်သော။ ပုညာဘိသင်္ခါရံ၊ ကို။ အာရဘတိ၊ ၏။ ကိမိဝ၊ ကား။ သလဘော၊ ပိုးဖလံသည်၊ ဝါ၊ နှံအစရှိသောပိုးသည်။ ဒီပသိခါဘိနိပါတံ၊ ဆီမီးလျှံသို့ ရှေးရှုဆင်းငြင်းကို။ အာရဘတိ ဝိယ စ၊ ၎င်း။ မဓုဗိန္ဒုဂိဒ္ဓေါ၊ ပျားရည်ပေါက်၌ တပ်မက်မောသောသူသည်။ မဓုလိတ္တသတ္ထဓာရာလေဟနံ၊ ပျားရည်လိမ်းကျံအပ်သော သန်လျက်သွားကို လျက်ခြင်းကို။ အာရဘတိ ဝိယ စ၊ ၎င်းတည်း။ စ၊ ပါး။ သဝိပါကေသု၊ မကောင်းကျိုးရှိကုန်သော။ ကာမူပသေဝနာဒီသု၊ ကာမဂုဏ်ကို မှီဝဲခြင်း အစရှိသည်တို့၌။ အာဒီနဝံ၊ ကို။ အပဿန္တော၊ ၍၊ ဝါ၊ ကြောင့်။ သုခသညာယ စေဝ၊ သုခဟူသောအမှတ်ဖြင့်၎င်း။ ကိလေသာဘိဘူတာယ စ၊ ကိလေသာနှိပ်စက်သည်၏ အဖြစ်ဖြင့်၎င်း။ ဒွါရတ္တယပ္ပဝတ္တမ္ပိ၊ ဒွါရသုံးပါး အပေါင်း၌ ဖြစ်သည်လည်းဖြစ်သော။ အပုညာဘိသင်္ခါရံ၊ အကုသိုလ်စေတနာဟူသော အပုညာဘိသင်္ခါရကို။ အာရဘတိ၊ ၏။ ကိမိဝ၊ ကား။ ဗာလော၊ သူငယ်သည်။ ဂူထကီဠနံ၊ မစင်ကို ကစားခြင်းကို။ အာရဘတိ ဝိယ စ၊ ၎င်း။ မရိတုကာမော၊ သေလိုသောသူသည်။ ဝိသခါဒနံ၊ အဆိပ်ကိုစားခြင်းကို။ အာရဘတိ ဝိယ စ၊ ၎င်းတည်း[၁]။ စ၊ ပါး။ အာရုပ္ပဝိပါ-

---

၁-ဤဆိုခဲ့ပြီးသည်တို့တွင် မဟာပရိဠာဟဇနိကံ-ပါဠိဖြင့် ပုညပ္ဖလ၏ အနုဒဟနသဘောဖြင့် တိဏ္ဏကွာသဒိသအဖြစ်ကို ပြ၏၊ အပ္ပသာဒတဉ္စ-၌ စ-သဒ္ဒါဖြင့် အဓိကုန္တန ဝိနိဝိဇ္ဈန အင်္ဂပစ္စင်္ဂပလိဘဉ္ဇန စသည်ကို သဂြိုဟ်၏။ မွေ့လျော်အပ်သည်၏ အဖြစ်ဖြင့်၎င်း, သာယာအပ်သည်၏အဖြစ်ဖြင့်၎င်း ယူအပ်သော ပုညပ္ဖလသည် ဆီမီးလျှံပျားရည်လိမ်းကျံအပ်သော သန်လျက်သွားတို့နှင့်တူ၏၊ ထုသို့သောအကျိုးကို ဖြစ်စေတတ်သော ပုညာဘိသင်္ခါရကို ထိုဆီမီးလျှံသို့ဆင်းခြင်း, ပျားရည်လိမ်းကျံအပ်သော သန်လျက်သွားကို လျက်ခြင်းနှင့်

ကောသုပိ၊ တို့၌လည်း။ သင်္ခါရဝိပရိဏာမဒုက္ခံ၊ သင်္ခါရဒုက္ခ,ဝိပရိဏာမဒုက္ခ အဖြစ်ကို။ အနဝဗုဇ္ဈမာနော၊ လျောက်ပတ်စွာ မသိသည်ဖြစ်၍၊ ဝါ၊ ကြောင့်။ သဿတာဒိဝိပလ္လာသေန၊ အားဖြင့်။ စိတ္တသင်္ခါရဘူတံ၊ ဖြစ်သော။ အာနေဉ္ဇာဘိသင်္ခါရံ၊ ကို။ အာရဘတိ၊ ၏။ ကိမိဝ၊ ကား။ ဒိသာမူဠှော၊ ခရီးမှားသောသူသည်၊ ဝါ၊ ခရီးမသိသောသူသည်။ ပိသာစ-နဂရာဘိမုခမဂ္ဂမနံ၊ ဘီလူးမြို့သို့ ရှေးရှုသွားသော ခရီးသို့ လိုက်ခြင်းကို။ အာရဘတိ ဝိယ၊ အားထုတ်ခြင်းကဲ့သို့တည်း။

ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ ယသ္မာ၊ ကြောင့်။ အဝိဇ္ဇာဘာဝတော-အဝိဇ္ဇာယ အတ္ထိဘာဝတော၀၊ ကြောင့်သာလျှင်။ သင်္ခါရဘာဝေါ၊ သင်္ခါရ၏ ရှိသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ အဘာဝတော၊ အဝိဇ္ဇာတည်း မရှိမှုကား။ သင်္ခါရဘာဝေါ၊ သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ဣမေ သင်္ခါရာ အဝိဇ္ဇာပစ္စယာ ဟောန္တီတိ ဧတံ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဤသင်္ခါရတို့သည် ဖြစ်ကုန်၏ဟူသော ဤစကားကို (တုမှေဟိ၊ သင်စောဒကဆရာတို့သည်။) ဇာနိတဗ္ဗံ၊ ၏။ စ-သစ္စံ၊ ၏။ အဝိဒ္ဒါ။ပ။ အဘိသင်္ခရောတီတိ၊ ဟူသော။ ဧတံ-ဝစနံ၊ ကို။ ဝုတ္တမ္ပိ၊ ရှင်တော်ဘုရားလည်း ဟောတော်မူအပ်၏။ [ဘိက္ခဝေ၊ တို့။ အဝိဒ္ဒါ၊ ပညာမရှိသော။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာနှင့်ပြည့်စုံသော သူသည်။ ပုညာဘိသင်္ခါရမ္ပိ၊ ကိုလည်း။ အဘိသင်္ခရောတိ၊ ပြု၏။ပ။ ဘိက္ခဝေ၊ တို့။ ယတော စ ယသ္မာ၊ ကား။ ဘိက္ခုနော၊ သည်၊ ဝါ၊ အား။ အဝိဇ္ဇာ၊ သည်။ ပဟီနာ၊ ပယ်အပ်ပြီးသည်။ ဝိဇ္ဇာ၊ သည်။ ဥပ္ပန္နာ၊ ပေါ်သည်။ သိယာ၊ ဖြစ်ငြားအံ့။ သော၊ ထိုအဝိဇ္ဇာကင်း၍

---

တူ၏ဟု ဆိုအပ်၏။ "ဤပရိဗိုဇ်မ၏ နူးညံ့သောလက်အတွေ့သည် ကောင်းစွာ၏" ဤသို့ စသည်ဖြင့် သုခသညာဖြင့် အသုဘအဖြစ်ကို မမှတ်နိုင်သည်ဖြစ်၍သာလျှင် အချို့သော ကာမဂုဏ်ကို သုံးဆောင်ရကား အပုညာဘိသင်္ခါရကိုပြုခြင်းသည် သူငယ်သည် မစင် ကစားသည်နှင့်လည်း တူ၏၊ ကိလေသာနှိပ်စက်ရကား အမျက်ထွက်ခြင်း မမှေလျော် ခြင်းဖြင့် နှိပ်စက်သောသူသည် သေလို၍အဆိပ်စားသည်နှင့်လည်းတူ၏။ ထိုသို့ မစင်စား သည်နှင့်ငှင်း အဆိပ်စားသည်နှင့်ငှင်း တူသောပစ္စုပ္ပန်ပြုစဉ်ခဏ, နောင်အကျိုးပေးသော ခဏတို့၌ စက်ဆုပ်အပ်သော ဒုက္ခဝေဒနာကို ဖြစ်စေတတ်သော အပုညာဘိသင်္ခါရကို အားထုတ်၏ ဟူလိုသည်။ ဝါ၊ လောဘသဟဂုတ်အပုညာဘိသင်္ခါရ၏ ဂူထကီဠနနှင့် တူသည်၏အဖြစ်, ဒေါသသဟဂုတ် အပုညာဘိသင်္ခါရ၏ ဝိသခါဒနနှင့် တူသည်၏အဖြစ်ကို ယထာက္ကမယှဉ်အပ်၏။ (ပြည်)

ဝိဇ္ဇာလင်းသောရဟန်းသည်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာကင်းခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ ကို။ နေဝ အဘိသင်္ခရောတိ၊ မပြုပြင်သည်သာတည်း။]

**ပဋ္ဌာနပစ္စယကထာ**

၁၆၄။ တတ္ထ ဌာနေ၊ ဤအရာ၌။ (ဌတ္ဝာ၊ တန့်၍။ စောဒကော၊ သည်။) အာဟ၊ ၏။ အဝိဇ္ဇာ၊ သည်။ သင်္ခါရာနံ၊ တို့အား။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဧတံ-ဝစနံ၊ ဤစကားသည်၊ ဝါ၊ ကို။ တာဝ၊ စွာ။ (သိဒ္ဓံ၊ ထင်ရှားပေပြီဟု။) ဗယံ၊ တို့သည်။ ဂဏှာမ၊ မှတ်ယူပါကုန်ပြီ။ ပန၊ သို့သော်တရေး ဆိုဖွယ်ရှိသေး၏။ ကတမေသံ သင်္ခါရာနံ၊ အဘယ်သင်္ခါရတို့အား။ ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ပစ္စယော၊ တတ်သည်။ ဟောတိ၊ နည်း။ ဣတိ၊ သို့။ ဣဒံ-ဝစနံ၊ ကို။ ဝတ္တဗ္ဗံ၊ ဆိုခွင့်ဆိုရန် ရှိသေး၏။ ဣတိ၊ သို့။ (အာဟ၊ ၏။) တတြ-တသ္မိံ ပစ္စယဘာဝေ၊ ထိုကျေးဇူး ပြုတတ်သည်၏ အဖြစ်၌။ ဣဒံ၊ ဤဆိုလတ္တံ့သော ဝိဿဇ္ဇနာစကားကို။ ဝုစ္စတိ၊ ၏။ ဟိ၊ ချဲ့ဦးအံ့။ ဘဂဝတာ၊ သည်။ (စတုဝီသတိ ပစ္စယာ ဝုတ္တာတိ သမ္ဗန္ဓော) ဟေတုပစ္စယော။ပ။ အဝိဂတပစ္စယောတိ၊ ဟူ၍။ စတုဝီသတိ ပစ္စယာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။

[၁၆၄] တတ္ထ၊ ထိုဘုရားဟောဖော် ပါဠိတော်၌။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော-ထည့်) ဟေတု စ၊ သုပ္ပတိဋ္ဌိတဘာဝသာဓနအားဖြင့် ဟိတ်မည်သည်လည်း။ ဟောတိ၊ ၏။ သော၊ ထိုဟိတ်မည်သော တရားသည်။ ပစ္စယော စ၊ ကျေးဇူးပြုတတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ ဟေတုပစ္စယော၊ မည်၏။ ဟေတု၊ ဟိတ်သည်။ ဟုတွာ၊ ၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်တည်း။ ဟေတုဘာဝေန၊ ဟိတ်၏ သုပ္ပတိဋ္ဌိတဘာဝသာဓနမူလ၏ အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ ဝုတ္တံ ဟောတိ။ အာရမ္မဏပစ္စယာဒီသုပိ၊ တို့၌လည်း။ ဧသေဝ သံဝဏ္ဏနာက္ကမော၊ သည်သာလျှင်။ နယော၊ သိကြောင်းသည်။ (ဟေဿတိ၊ လတ္တံ့။)

၁၆၅။ တတ္ထ၊ ထိုဟေတုပစ္စယော-အစရှိသောပါဠိတော်၌။ ဟေတူတိ ဧတံ၊ ဟေတုဟူသော ဤအမည်သည်။ ဝစနာဝယဝကာရဏမူလာနံ၊

စကား၏ အစိတ်, အကြောင်း, မူလတို့၏။ အဓိဝစနံ၊ တည်း။ ဟိ၊ ချဲ့အံ့။ ပဋိညာဟေတူတိအာဒီသု၊ တို့၌။ လောကေ၊ လောက၌။ ဝစနာဝယဝေါ၊ စကားအစိတ်ကို။ ဟေတူတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏[၁]။ သာသနေ ပန၊ ၌ကား။ ယေ ဓမ္မာ ဟေတုပ္ပဘဝါတိအာဒီသု၊ တို့၌။ ကာရဏံ၊ အလုံးစုံသောကာရဏ လက္ခဏာရှိသောအကြောင်းကို၊ ဝါ၊ သမ္ပာပကလက္ခဏာရှိသောအကြောင်း ကို။ ဟေတူတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏[၂]။ တယော ကုသလဟေတူ တယော အကုသလဟေတူတိအာဒီသု၊ တို့၌။ မူလံ၊ မူလအကြောင်းကို။ ဟေတူတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တံ၊ ထိုမူလအကြောင်းကို။ ဣဓ၊ ဤဟေတုပစ္စယော ဟူသောပါဠ်၌။ အဓိပ္ပေတံ၊ ၏။ ပန၊ ပါး။ ပစ္စယောတိ ဧတ္ထ၊ ပါဠ်၌။ အယံ၊ လတ့ံသည်ကား။ ဝစနတ္ထော၊ ပစ္စယ-သဒ္ဒါ၏အနက်တည်း။ ပဋိစ္စ၊ စွဲ၍၊ ဝါ၊ မစွန့်မူ မကင်းမူ၍။ ဧတသ္မာ၊ ထိုအကြောင်းမှ၊ ဝါ၊ ကြောင့်။ (ဖလံ၊ သည်။) ဧတိ၊ ဖြစ်တတ် တည်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ တံ ကာရဏံ၊ သည်။ ပစ္စယော၊ မည်၏။ (ပဋိ-ပုဗ္ဗ ဣ-ဓာတ်အပါဒါန-သာဓန) နံ၊ ထိုအကြောင်းကို။ အပစ္စက္ခာယ၊ မစွန့်မူ၍။ (ဖလံ၊ သည်။) ဝတ္တတိ၊ ဖြစ်တတ် တည်တတ်၏။ ဣတိ အတ္ထော၊ အနက်။ ဟိ၊ ထင်ရှား ဆိုအံ့။ ယော ဓမ္မော၊ အကြင်အကျိုးတရားသည်။ ယံ ဓမ္မံ၊ အကြင် အကြောင်းတရားကို။ အပစ္စက္ခာယ၊ မစွန့်မူ၍။ တိဋ္ဌတိ ဝါ၊ တည်မူလည်း တည်၏။ ဥပ္ပဇ္ဇတိ ဝါ၊ ဖြစ်မူလည်း ဖြစ်၏။ သော ဓမ္မော၊ ထိုအကြောင်း တရားသည်။ တဿ ဓမ္မဿ၊ ထိုအကျိုးတရား၏။ ပစ္စယော၊ ပစ္စည်း မည်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ပန၊ ပါး။ လက္ခဏ-တော၊ အားဖြင့်။ ဥပကာရလက္ခဏော၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော တရားသည်[၃]။ ပစ္စယော၊ ပစ္စည်းမည်၏။ ဟိ-သစ္စံ၊ ၏။ ယော ဓမ္မော၊

---

၁-ဤ၌ အာဒိ-သဒ္ဒါဖြင့် ဥဒါဟရဏ ဥပနယနိဂမနတို့ကိုယူ။ ဤကိုရည်၍ ဘေဒ-စိန္တာ ၁၄-၌ ပဋိညာဥပမာဟေတု၊ ဥဒါဟရဏနိဂ္ဂမ၊ ဝသေနာ'ဝယဝါ ပဉ္စ၊ ဝိဓာ ဝါကျေ ယထာရဟံ။ ၁၅။ ယထာ မဟာနသေ ဧဝ၊ မဂ္ဂိ ဒဟနဓူမတော။ မန္ဒတေ ကတ္ထ ဓမ္မိနော, သိဒ္ဓိတော' စလမတ္ထကေ-ဟု မိန့်သည်။ (ပြည်)

၂-အာဒိ-သဒ္ဒါဖြင့် ထိုသမ္ပာပကကိုလည်းယူသည်၊ ဉာပကလက္ခဏာရှိသောဟိတ်ကို မူကား ဝစနာဝယဝ၌ ဟေတု-သဒ္ဒါဖြင့် ယူအပ်၏။ (ပြည်)

၃-ဥပကာရက-ရှိမူ ဘာဝပ္ပဓာနယူ၊ (ပြည်) ယန္ဓုစာကိုယ်၌ ဥပကာရကလက္ခဏော ဟူ၍ပင် ရှိ၏။ (ဆ-သံ-သော)

အကြင်အကြောင်းတရားသည်။ ယသ္မာ ဓမ္မသ္မာ၊ အကြင်အကျိုးတရား အား၊ ဝါ၊ ၏။ ဌိတိယာ ဝါ၊ ဌီဒ္ဓိရင်း၊ ဝါ၊ တည်ခြင်းငှါရင်း။ ဥပ္ပတ္တိယာ ဝါ၊ ဥပါဒ်ဒ္ဓိရင်း၊ ဝါ၊ ဖြစ်ခြင်းငှါရင်း။ ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ၏။ သော ဓမ္မော၊ ထိုအကြောင်းတရားကို။ တဿ ဓမ္မဿ၊ ထိုအကျိုးတရား၏။ ပစ္စယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ဥပကာရ- လက္ခဏော- စသော ပါဌ်ဖြင့် ဓမ္မဖြင့် ဓမ္မသတ္တိဟုဆိုအပ်သော ကျေးဇူး ပြုခြင်းကို ပြသည်ဟူ၍မှတ်၊ ဒြပ်ဖြင့် သတ္တိကိုပြသည်ဟူလို) ပစ္စယော၊ ပစ္စယ-သဒ္ဒါရင်း။ပ။ ပဘဝေါ၊ ပဘဝ-သဒ္ဒါရင်း။ ဣတိအာဒိ၊ ဤသို့စသော သဒ္ဒါသည်။ အတ္ထတော၊ အားဖြင့်။ ဧကံ၊ တူ၏။ ဗျဉ္ဇနတော၊ သဒ္ဒါ အားဖြင့်သာ။ နာနံ၊ ထူး၏။ ဣတိ-ဝုတ္တနယေန၊ ဖြင့်။ မူလဋ္ဌေန၊ ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေတတ်သော အနက်ကြောင့်။ ဟေတု၊ မည်၏။ ဥပကာရကဋ္ဌေန၊ ကျေးဇူးပြုတတ်သောအနက်ကြောင့်။ ပစ္စယော၊ မည်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ သင်္ခေပတော၊ အကျဉ်း အားဖြင့်။ မူလဋ္ဌေန၊ မြဲစွာတည်သည်၏အဖြစ်ကို ပြီးစေတတ်သည်၏ အဖြစ်ဟုဆိုအပ်သော သဘောသတ္တိဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ် သော။ ဓမ္မော၊ သည်။ ဟေတုပစ္စယော၊ မည်၏။ သော ဟေတုပစ္စယော၊ ထိုဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားသည်။ (သာဓကော-၌ စပ်) သာလိဗီဇာဒီနိ၊ သလေးမျိုးစသည်တို့သည်။ သာလိအာဒီနံ၊ သလေးအစရှိကုန်သော။ (ဩသဓီနံ၊ တသီးပင်တို့၏။ သာလိအာဒိဘာဝ- သာဓကာနိ ဝိယ၊ သလေးစသည်၏အဖြစ်ကို ပြီးစေကုန်သကဲ့သို့ရင်း။) မဏိပ္ပဘာဒယော၊ ညိုသောအရောင်ရှိသော ပတ္တမြားအစရှိသော ဝတ္ထုတို့ သည်။ မဏိပ္ပဘာဒီနံ၊ ပတ္တမြားအရောင်စသည်တို့၏။ (နီလာဒိပ္ပဘာ- သာဓကာ) ဝိယ၊ အညိုစသောအရောင်ကို ပြီးစေကုန်သကဲ့သို့ရင်း။ ကုသလာဒီနံ၊ တို့၏။ ကုသလာဒိဘာဝသာဓကော၊ ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေတတ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သည်ကား။ အာစရိ- ယာနံ၊ ရေဝတဆရာတို့၏။ အဓိပ္ပါယော၊ အလိုတည်း။ ပန၊ ထိုသို့ရေဝတ ဆရာဆိုသော်လည်း။ ဧဝံ၊ ဤသို့ဟေတုပစ္စည်း၏ ကုသိုလ်စသည်တို့၏ အဖြစ်ကို ပြီးစေတတ်သည်၏အဖြစ်သည်။ သန္တေ၊ ဖြစ်လတ်သော်။ တံသမုဋ္ဌာနရူပေသု၊ ထိုဟေတုပစ္စည်းလျှင် ဖြစ်ကြောင်းရှိသောရုပ်တို့၌။ ဟေတုပစ္စယတာ၊ ဟေတုပစ္စည်း၏အဖြစ်သည်၊ ဝါ၊ ဟေတုသတ္တိဖြင့်

ကျေးဇူးပြုတတ်သည်၏အဖြစ်သည်။ န သမ္ပဇ္ဇတိ န သိဇ္ဈတိ၊ မပြီး။ ဟိ-သစ္စံ၊ ၏။ သော၊ ထိုကုသိုလ်စသောဟိတ်သည်။ တေသံ၊ ထိုတံသမ္ပယုတ်တရားတို့၏။ ကုသလာဒိဘာဝံ၊ ကုသိုလ်စသည်တို့၏ အဖြစ်ကို။ န သာဓေတိ၊ မပြီးစေတတ်။ (တေသံ၊ ထိုသမ္ပယုတ်ရုပ်တို့၏။) ပစ္စယော၊ ဟေတုပစ္စည်းသည်။ န စ ဟောတိ၊ မဖြစ်သည်လည်း။ န၊ မဟုတ်။ (ဟောတိ ဧဝ၊ ဖြစ်သည်သာတည်း။) ဟိ-သစ္စံ၊ ၏။ ဟေတူ။ ပ ။ ပစ္စယောတိ၊ ဟူသော။ ဝေါ-ဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ စ၊ သည်သာမဟုတ်သေး။ အဟေတုကစိတ္တာနံ၊ တို့၏။ ဧတေန ဟေတုနာ၊ အဗျာကတဘာအဖြစ်ကို ပြီးစေတတ်သော ထိုဟိတ်နှင့်။ ဝိနာ၊ ကင်း၍။ အဗျာကတဘာဝေါ၊ အဗျာကတ၏ အဖြစ်သည်။ သိဒ္ဓေါ၊ သဘောအားဖြင့်သာလျှင်ပြီး၏။ စ၊ ဆက်၍ဆိုအံ့။ သဟေတုကာနမ္ပိ၊ သဟိတ်တရားတို့၏လည်း။ ကုသလာဒိဘာဝေါ၊ ကုသိုလ်စသည်တို့၏ အဖြစ်သည်။ ယောနိသောမနသိကာရာဒိပဋိဗဒ္ဓေါ၊ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, နိရာနုသယသန္တာန်, ကံ, အဝိပါကအဖြစ်နှင့် စပ်သည်။ ဟောတိ၊ ၏။ သမ္ပယုတ္တဟေတုပဋိဗဒ္ဓေါ၊ သမ္ပယုတ်ဟိတ်နှင့်စပ်သည်။ န ဟောတိ၊ မဟုတ်[၁]။ သမ္ပယုတ္တဟေတူသု၊ သမ္ပယုတ်ဟိတ်တို့၌။ သဘာဝတော၊ အားဖြင့်သာလျှင်။ ကုသလာဒိဘာဝေါ၊ သည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်ငြားအံ့၊ သမ္ပယုတ္တေသု၊ ဟိတ်နှင့် သမ္ပယုတ်ဖြစ်သော တရားတို့၌။ (ကုသလာဒိဘာဝေါ၊ သည်။) ဟေတုပဋိဗဒ္ဓေါ၊ သည်။ ယဒိ သိယာ၊ အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်ခဲ့သော်ကား။ (ထည့်၊ စ-ကို

---

၁-ဋီကာ၌ကား-ယောနိသောမနသိကာရပဋိဗဒ္ဓေါ ကုသလဘာဝေါ-ဟုရှိ၏၊ အာဒိ-သဒ္ဒါမပါ။ ထို့ကြောင့် ဧတေနေဝ အကုသလအဗျာကတဘာဝါပိ ကုသလဘာဝေါ ဝိယ န ဟေတုပဋိဗဒ္ဓါတိ ဒဿိတံ ဟောတိ-ဟုမိန့်သည်။ အာဒိ-သဒ္ဒါရှိမူ ဤစကားကိုဆိုဖွယ်မရှိ၊ အာဒိ-သဒ္ဒါမရှိသောကြောင့်သာ ဋီကာဆရာဆိုပေသည်။ ယခုပေတို့၌ အာဒိ-သဒ္ဒါ ထင်ရှားရှိသည်ကား ပါဌ်ဟောင်းမဟုတ်ဟု မှတ်ရာသည်၊ မူလဋီကာ၌လည်း ယခင်ဋီကာနည်းပင်လာသည်။ မောဟမူဒွေ၌ မောဟဟူသော အဟေတုကဟိတ်၏ အကုသလဘာဝသည် သဘောအားဖြင့်ပြီးသကဲ့သို့ သဟေတုကဟိတ်တို့၏ ကုသလာဒိဘာဝသည်လည်း သဘောအားဖြင့်ပင် ပြီး၏၊ ဟိတ်မှတပါးကုန်သော ထိုဟိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော တရားတို့၏ ကုသလာဒိဘာဝမူကား သဘောအားဖြင့်မပြီး၊ ဟိတ်နှင့်စပ်၏ဟု ကေဆရာတို့ အောက်မေ့ကုန်ရာ၏၊ ထိုကေဆရာတို့၏ သဘောမထိ အတ္တနောမတိမျှဖြစ်သော အောက်မေ့ခြင်းမည်နာကို စွန့်ခွါလွန်မြောက် ပယ်ဖျောက်နိုင်သော အဖြေကိုဆိုခြင်းငှါ ယဒိ-အစရှိသောဝါကျကို အဋ္ဌကထာဆရာ မြွက်ဆိုတော်မူပေသတည်း။ (ပြည်)

ဤမှာယှဉ်၍ ဥပနျာသမှတ်) အလောဘော၊ သည်။ ကုသလော ဝါ၊ သည်မှုလည်း။ သိယာ၊ ၏။ အဗျာကတော ဝါ၊ သည်မှုလည်း၊ သိယာ၊ ၏ [၁]။ ပန၊ စင်စစ်။ ယသ္မာ၊ အကြင်ကြောင့်။ ဥဘယထာပိ၊ ကုသိုလ်, အဗျာကတ အဖြစ်ဟူသော နှစ်ပါးသောအပြားအားဖြင့်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ (ဥဘယထာ၊ ဖြင့်။ ဟောန္တေသု၊ ဖြစ်ကုန်သော။ သဒ္ဒါဒီသု၊ ကုန်သော။) သမ္ပယုတ္တေသု၊ တို့၌။ (ဟေတုပဋိဗဒ္ဓံ၊ ဟိတ်နှင့် စပ်သော။ ကုသလာဒိဘာဝံ၊ ကို။ ပရိယေသထ) ယထာ၊ ရှာကုန်သကဲ့သို့။ (သဘာဝတော၊ ဖြင့်။ ကုသလာဒိဘာဝေါ၊ သည်။ န ဟောတိ ယထာ၊ သို့။) ဇေံ-တထာ၊ တူ။ ဟေတူသုပိ၊ တို့၌လည်း။ ကုသလာဒိတာ၊ ကုသိုလ် စသည်တို့၏ အဖြစ်ကို။ (အညပဋိဗဒ္ဓါ၊ တပါးနှင့် စပ်သည်ဖြစ်၍။) ပရိယေသိတဗ္ဗာ၊ ရှာအပ်သင့်သည်။ သိယာ၊ ဖြစ်ရာ၏။ (သဘာဝတော၊ ဖြင့်။ န သိယာ၊ မဖြစ်ရာ [၂]။) (ကုသလာဒိဘာဝသာဓနအားဖြင့် ဟိတ်၏ မူလဋ္ဌကို မယူမူ၍ သုပ္ပတိဋ္ဌိတဘာဝသာဓနအားဖြင့် ယူအပ်သည်ရှိသော် တစုံတခုမျှမဆန့်ကျင်ဟု ပြခြင်းငှါ ကုသလာဒိဘာဝသာဓနဝသေန ပန-စသည်ကိုမိန့်သည်။)

[၁၆၅] ပန၊ အလျော်ကို ဆိုအံ့။ ကုသလာဒိဘာဝသာဓနဝသေန၊ ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေသည်၏ အစွမ်းဖြင့်။ ဟေတူနံ၊ တို့၏။ မူလဋ္ဌံ၊ မူလ၏အဖြစ် တည်းဟူသော အနက်ကို။ အဂဟေတွာ၊ မယူမူ၍။

၁-ဝါ-သဒ္ဒါကား အနိယမတ္ထဘည်း။ အဓိပ္ပါယ်ကား အလောဘသည် သဘောအား ဖြင့် ကုသိုလ်မည်သည် အကယ်၍ဖြစ်ငြားအံ့၊ ထိုအလောဘသည် ကုသိုလ်သဘောရှိသည်၏ အဖြစ်ကြောင့် အဗျာကတမည်သည် မဖြစ်ကောင်းခဲ့။ ။ထိုသို့မဟုတ်အဗျာကတမည်သည် ဖြစ်အံ့၊ ထိုအဗျာကတသဘောရှိသည်၏ အဖြစ်ကြောင့် ကုသိုလ်မည်သည်မဖြစ်ကောင်းခဲ့။ အဘယ်ကဲ့သို့နည်း? အလောဘသဘောရှိသော တရား၏အဒေါသမည်သည်၏အဖြစ်သည် မဖြစ်သကဲ့သို့ဟူလို။ (ပြည်)

၂-ထိုကုသိုလ်စသည်တို့၏ အဖြစ်သည်ကား ထက်ဝန်းကျင်မှ ဉာဏ်ဖြင့်ရှာအပ်သော် ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, နိရာနုသယသန္တာန်, ကံ, အဝိပါက ဘာဝ ဟူသော အကြောင်းနှင့်စပ်သည်ဖြစ်၏။ ထိုကြောင့် ဟိတ်တရားတို့၌ ကုသလာဒိ ဘာဝသည် ယောနိသောမနသိကာရာဒိပဋိဗဒ္ဓဖြစ်သကဲ့သို့ ဟိတ်မှတပါးသော သမ္ပယုတ် တရားတို့၌လည်း ကုသလာဒိဘာဝသည် ယောနိသောမနသိကာရာဒိပဋိဗဒ္ဓဖြစ်၏၊ သမ္ပယုတ် ဟိတ်နှင့် စပ်သည်မဖြစ်။ ဤသို့သော အနက်သဘောသည် ပြီးသတည်း။ ဤသည်ကား အဋ္ဌကထာဆရာ လိုအပ်သော အဓိပ္ပါယ်တည်း။ (ပြည်)

သုပ္ပတိဋ္ဌိတဘာဝသာဓနေဝသေန၊ ကောင်းစွာတည်သည်၏ အဖြစ်ကိုပြီးစေသည်၏အစွမ်းဖြင့်။ မူလဋ္ဌေ၊ မူလအဖြစ် တည်းဟူသော အနက်ကို။ (ဝိဘတ်ပြန်၍လိုက်) ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ကိဉ္စိ၊ တစုံတခုသော အနက်သဘောသည်၊ ဝါ၊ စိုးစဉ်းမျှ။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ ဟိ-ကသ္မာ၊ ကား။ လဒ္ဓဟေတုပစ္စယာ၊ ရအပ်သော ဟေတုပစ္စည်းရှိကုန်သော။ ဓမ္မာ၊ ပစ္စယုပ္ပန်တရားတို့သည်။ ဝိရူဠ္ဟမူလာ၊ စည်ပင်ပြန့်ပွါးသော အမြစ်ရှိကုန်သော။ ပါဒပါ၊ သစ်ပင်တို့သည်။ ထိရာ၊ မြဲမြံခိုင်ခံ့ကုန်သည်။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတည်ကုန်သည်။ ဟောန္တိ ဝိယ၊ သို့။ ဧဝံ-တထာ၊ တူ။ ထိရာ၊ ကုန်သည်။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ထိုမှတပါး [၁]။ အဟေတုကာ၊ အဟိတ်တရားတို့သည်။ တိလ-ဗီဇကာဒိသေဝါလာ။ နှမ်းစေ့အတိုင်းအရှည်ရှိသော မှော်ညှင်းစသော မှော်တို့သည်။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ န ဟောန္တိ ဝိယ၊ သို့။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ န ဟောန္တိ၊ ကုန်။ (ဣတိ တသ္မာ၊ ကြောင့်။ ကိဉ္စိ၊ သည်။ န ဝိရုဇ္ဈတိ၊ ကျင်။) ဣတိ-ဣမိနာ ကာရဏေန၊ ကြောင့်။ မူလဋ္ဌေန ဥပကာရကောတိ၊ ကာရကော-ဟူသော စကား၏။ သုပ္ပတိဋ္ဌိတဘာဝ-သာဓနေန၊ ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ ဟေတုပစ္စ-ယော၊ ဟေတုပစ္စည်းမည်သည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

၅၉၆။ တဒနန္တရေ...တတော၊ ထိုဟေတုပစ္စည်းမှ။ ပရေသု၊ နောက်ဖြစ်သော ပစ္စည်းတို့တွင်။ အာရမ္မဏဘာဝေန၊ စွဲလမ်းအပ်သော အာရုံ၏အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ သည်။ အာရမ္မဏ-ပစ္စယော၊ အာရမ္မဏ ပစ္စည်းမည်သည်။ ဟောတိ၊ ၏။ ရူပါယတနံ စက္ခု-ဝိညာဏဓာတုယာတိ၊ ယာ-ဤသို့အစရှိသည်ကို၊ ဝါ၊ ဤသို့အစရှိသည်ဖြင့်။ အာရဘိတွာပိ၊ အားထုတ်ပြီးလျက်လည်း။ ယံ ယံ ဓမ္မံ။ ပ။ ပစ္စယောတိ၊ ပစ္စယော-ဟူ၍။ ဩသာပိတတ္တာ၊ ဆုံးစေအပ်သည်အဖြစ်ကြောင့်။ (ရူပါ-ဒိဘေဒေန၊ ရူပါရုံအစရှိသောအပြားဖြင့်။ ဆဗ္ဗိဓေသု၊ ကုန်သော။ သင်္ခတာသင်္ခတပညတ္တိဓမ္မေသု၊ သင်္ခတအသင်္ခတ ပညတ်တရားတို့တွင်။)

---

[၁] ဤ၌ ပန-ကြေသည်ဖြစ်ရာသည်၊ လုတ္တနိဒ္ဒိဋ္ဌသော်လည်း ကြံရာသည်၊ ပဋ္ဌာန်းအဋ္ဌ-ကထာ၌မူကား လုတ္တမဟုတ်ငုတ်လုတ်ပင် ရှိသည်။ (ပြည်)

ကောစိ၊ တစုံတခုသော။ ဓမ္မော၊ သည်။ (ပကတိကတ္တား) သော-အာရမ္မဏပစ္စယော၊ ထိုအာရမ္မဏပစ္စည်းသည်။ (ဝိကတိကတ္တား) န န ဟောတိ၊ မဖြစ်သည်မဟုတ်။ (အာရမ္မဏပစ္စည်းဖြစ်သည်ချည်းတည်း) ဟိ၊ ထင်ရှားပြအံ့။ ဒုဗ္ဗလော၊ အားနည်းသော။ ပုရိသော၊ သည်။ ဒဏ္ဍံ ဝါ၊ တောင်ဝှေးကိုငင်း။ ရဇ္ဇုံ ဝါ၊ ကြိုးကိုငင်း။ အာလမ္ဗိတွာဝ၊ ထောက်၍ဆွဲ၍သာလျှင်။ ဥဋ္ဌဟတိ စေဝ ယထာ၊ ထနိုင်သကဲ့သို့ငင်း။ တိဋ္ဌတိ စ ယထာ၊ ရပ်ထိုင်တည်နိုင်သကဲ့သို့ငင်း။ ဧဝံ၊ တူ။ စိတ္တစေတသိကာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံအစရှိသော အာရုံကို။ အာရဗ္ဘေဝ၊ အာရုံပြု၍သာလျှင်။ ဥပ္ပဇ္ဇန္တိ စေဝ၊ ဖြစ်လည်းဖြစ်နိုင်ကုန်၏။ တိဋ္ဌန္တိ စ၊ တည်လည်း တည်နိုင်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ စိတ္တစေတသိကာနံ၊ တို့၏။ အာရမ္မဏဘူတာ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ သဗ္ဗေပိ ဓမ္မာ၊ (ရူပါရုံအစရှိသော အပြားအားဖြင့် ခြောက်ပါးအပြားရှိကုန်သော သင်္ခတအသင်္ခတ ပညတ်ဟူသော) အလုံးစုံသောတရားတို့ကိုလည်း။ အာရမ္မဏပစ္စယောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။

၅၉၇။ ဇေဋ္ဌကဋ္ဌေန၊ အကြီးအမှူး၏ အဖြစ်ဟူသော အနက်သဘောဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ သည်။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်း မည်၏[၁]။ သော-အဓိပတိပစ္စယော၊ သည်။ သဟဇာတာရမ္မဏဝသေန၊ သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိ အစွမ်းဖြင့်။ ဒုဝိဓော၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဆန္ဒာ-ဓိပတိ။ပ။ ယောတိအာဒိဝစနတော၊ ဤသို့အစရှိသည်ကို ဟောတော်မူခြင်းကြောင့်။ ဆန္ဒဝီရိယစိတ္တဝီမံသာသင်္ခါတာ၊ သဟုဆိုအပ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ အဓိပတိပစ္စယောတိ၊ သဟဇာတာ-ဓိပတိပစ္စည်းမည်၏ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ (ပဋ္ဌာန်းအဋ္ဌကထာ၌ကား သဟဇာတာဓိပတိပစ္စယော-ဟူ၍ပင်ရှိသည်) စ၊ ဆက်၍ဆိုအံ့။ ခေါ၊ စင်စစ်။ (စတ္တာရော၊ ကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။) ဧကတော၊ တကွနက်။ အဓိပတိပစ္စယော၊ မည်သည်။ နေဝ ဟောန္တိ၊

---

၁-အတ္တာဓီနာနံ ပတိ ဇေဋ္ဌကော အဓိပတိ။ မိမိနှင့်စပ်ကုန်သော တရားတို့၏အကြီးအမှူး၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အဓိပတိမည်သတည်း။ (ပြည်)

မဟုတ်ကုန်။ ဟိ၊ ချဲ့အံ့။ ယဒါ၊ ၌။ ဆန္ဒံ၊ ကို။ ဓုရံ၊ အမှူးကို။ ဇေဋ္ဌကံ၊ အကြီးကို။ ကတွာ၊ ၍။ စိတ္တံ၊ သည်။ ပဝတ္တတိ၊ ၏။ တဒါ၊ ၌။ ဆန္ဒေ ၁ဝ၊ သည်သာလျှင်။ အဓိပတိ၊ သည်။ ဟောတိ၊ ၏။ ဣတရေ၊ ဆန္ဒမှ တပါး ကုန်သော ဝီရိယစိတ္တဝီမံသတို့သည်။ အဓိပတိ၊ သည်။ န ဟောန္တိ၊ မဟုတ် ကုန်။ သေ-သေသော၊ ဤဆန္ဒ၌ ဆိုအပ်ပြီးသောအစီအရင်သည်။ သေသေ-သုပိ၊ ဆန္ဒမှကြွင်းသော ဝီရိယစိတ္တဝီမံသတို့၌လည်း။ နယော၊ သိကြောင်း သည်။ ဟောတိ၊ ၏[၁]။

ပန၊ ထိုမှတပါး။ ယံ ဓမ္မံ၊ အကြင်(ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ရှစ်ဆဲ့လေးခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု, နိဗ္ဗာန်ဟုဆိုအပ်သော)တရားကို။ ဂရုံ ကတွာ၊ အလေးအမြတ်ပြု၍။ အရူပဓမ္မာ၊ (လောဘမူစိတ်ရှစ်ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာဉာဏသမ္ပယုတ် လေးခု, လောကုတ္တရာစိတ် ရှစ်ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် လေးဆဲ့ငါးခုဟု ဆိုအပ်သော) နာမ်တရားတို့သည်။ ပဝတ္တန္တိ၊ ကုန်၏။ သော၊ ထိုအလေးအမြတ်ပြုအပ်သော (ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု, နိဗ္ဗာန်ဟုဆိုအပ်သော) ပစ္စည်းတရားသည်။ နေသံ၊ ထိုအလေးအမြတ်ပြုတတ်သော(လောဘမူစိတ်ရှစ်ခု, မဟာကြိယာ

---

၁-ဟေတုပစ္စယနိဒ္ဒေသ၌ ဟေတူ ဟေတုသမ္ပယုတ္တကာနံ-ဟု ဟောတော်မူသကဲ့သို့ အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ-ဟု မဟောပဲ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ-အစရှိသော နည်းဖြင့် အဘယ့်ကြောင့် ဟောတော်မူသနည်း? နှစ်ပါးသုံးပါးသော ဟိတ်တို့ သည်လည်း ကေက္ခဏ၌ ဟေတုပစ္စည်း ဖြစ်ကုန်၏။ အဘယ့်ကြောင့်နည်း? မူလဋ္ဌအားဖြင့် ကျေးဇူးပြုတတ်သော သဘောကို မစွန့်သောကြောင့်တည်း။ အဓိပတိမူကား ဇေဋ္ဌက အဖြစ်ဖြင့် ကျေးဇူးပြုတတ်၏၊ ပြုသော်လည်း ကေက္ခဏ၌ များစွာသော အဓိပတိတို့သည် ဇေဋ္ဌကမဖြစ်နိုင်ကုန်။ ထို့ကြောင့် တပေါင်းတည်း ဖြစ်ကုန်သော်လည်း ထိုအဓိပတိတရား တို့၏ တခုသောခဏ၌ တပြိုင်နက် အဓိပတိပစ္စည်း၏ အဖြစ်သည် မရှိခဲ့ရကား အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ-စသည်ဖြင့် မဟောမူ၍ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ အစရှိ သောနည်းဖြင့် ဒေသနာ၌ အလွန်လိမ္မာတော်မူသော ရှင်တော်ဘုရားဟောတော်မူ၏။ (ပြည်)

ဉာဏသမ္ပယုတ် လေးခု, လောကုတ္တရာစိတ် ရှစ်ခု, ဒေါသ ဋ္ဌာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပွမည္ဉာကြဉ်သော စေတသိက် လေးဆယ့်ငါးခုဟု ဆိုအပ်သော)ပစ္စယုပ္ပန် နာမ်တရားတို့၏။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာ-ဓိပတိပစ္စည်းသည်။ ဟောတိ၊ ၏။ တေန၊ ထို(အလေးအမြတ်ပြုအပ်သော တရားတို့၏ အလေးအမြတ်ပြုတတ်သော တရားတို့အား အာရမ္မဏာဓိပတိ ပစ္စည်းတပ်သည်၏အဖြစ်)ကြောင့်။ ယံ ယံ ဓမ္မံ ဂရုံ ကတွာ။ပ။ ယောတိ၊ ယော-ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ [ယံ ယံ ဓမ္မံ၊ အကြင်အကြင် သို့သော အလေးအမြတ်ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို။ ဂရုံ ကတွာ၊ အလေးအမြတ်ပြုကုန်၍။ စိတ္တစေတသိကာ ဓမ္မာ၊ ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင်အကြင်သို့သော အလေးအမြတ်ပြုတတ်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုသို့သော အလေးအမြတ်ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရား တို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသို့သော အလေးအမြတ် ပြုတတ် သော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိပစ္စယေန၊ အဓိပတိ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။]

၅၉၈။ အနန္တရဘာဝေန၊ အခြားမရှိသည်၏ အဖြစ်ဖြင့်။ ဥပကာရ-ကော၊ (ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသအား) ကျေးဇူးပြုတတ်သော။ ဓမ္မော၊ (ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ) တရားသည်။ အနန္တရပစ္စယော၊ မည်သည်။ ဟောတိ၊ ၏[၁]။ သမနန္တရဘာဝေန၊ ကောင်းစွာအခြားမရှိသည်၏ အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ သမနန္တရ-ပစ္စယော၊ မည်သည်။ ဟောတိ၊ ၏။ စ၊ ဆက်ဦးအံ့။ ဣဒံ ပစ္စယဒွယံ၊ ဤအနန္တရ, သမနန္တရပစ္စည်းနှစ်ပါးအပေါင်းကို။ [၁၆၆] (အတ္ထာ-

၁-အန္တရာယတီတိ အန္တရံ၊ ဗျဝဓာယကန္တိ အတ္ထော။ နသ္သ အန္တရံ ဝိဇ္ဇတီတိ အနန္တရော။ အနန္တရော စ သော ပစ္စယော စာတိ အနန္တရပစ္စယော။ အန္တရာယတိ၊ ခြားဆီးသည်ကို ပြုတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ အန္တရံ၊ မည်၏။ ဗျဝဓာယကံ၊ ခြားဆီးသည်ကို ပြုတတ်၏။ ဣတိ အတ္ထော၊ အနက်။ အန္တရ-သဒ္ဒါ နာမဓာတ်တည်း။ (ပြည်)

နန္တရတာ အနန္တရပစ္စယော၊ ကာလာနန္တရတာ သမနန္တရပစ္စယောတိ-
အာဒိနာ၊ ဖြင့်။) ဗဟုဓာ၊ ဖြင့်။ (အာစရိယာ၊ တို့သည်။) ပပဉ္စယန္တိ၊
ချဲ့ချဲ့ကုန်၏။ ပန၊ ထိုသို့ချဲ့ကုန်သော်လည်း။ ဧတ္ထ၊ ဤပစ္စည်းနှစ်ပါးတို့၌။
အယံ၊ ဤဆိုလတ့ံသည်ကား။ သာရော၊ အနှစ်သာရဖြစ်၍ ဖြစ်သော
နည်းတည်း၊ ဝါ၊ သာရော-သာရဏီယောတိ၊ အသက်ထက်ဆုံး အောက်မေ့
အပ်သောနည်းတည်း။ ဟိ၊ ထင်ရှားပြုအံ့။ စက္ခုဝိညာဏာနန္တရာ၊ စက္ခု-
ဝိညာဉ်၏အခြားမဲ့၌။ မနောဓာတု၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနော
ဓာတ်သည်။ ဟောတိ၊ ၏။ မနောဓာတုအနန္တရာ၊ မနောဓာတ်၏
အခြားမဲ့၌။ မနောဝိညာဏဓာတု၊ သန္တီရဏဟုဆိုအပ်သော မနောဝိညာဏ
ဓာတ်သည်။ ဟောတိ၊ ၏။ ဣတိအာဒိ၊ ဤသို့အစရှိသော။ ယော
ဧသော စိတ္တနိယမော၊ ဤဆိုအပ်ပြီးသော သဘောရှိသော အကြင်
စိတ်ကိုမှတ်ခြင်းသည်၊ ဝါ၊ အကြင်စိတ်၏မြဲခြင်းသည်။ အတ္ထိ၊ ၏။ သော
စိတ္တနိယမော၊ ထိုစိတ်ကို မှတ်ခြင်းသည်၊ ဝါ၊ ထိုစိတ်၏မြဲခြင်းသည်။
ယသ္မာ၊ ကြောင့်။ ပုရိမပုရိမစိတ္တဝသေနေဝ၊ ရှေး၌ဖြစ်သော ရှေး၌ဖြစ်
သော စိတ်၏အစွမ်းဖြင့်သာလျှင်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ အညထာ၊ တပါး
သော အခြင်းအရာအားဖြင့်။ န ဣဇ္ဈတိ၊ စုံ။ တသ္မာ၊ ကြောင့်။ အတ္တနော
အတ္တနော၊ ၏။ အနန္တရံ၊ အခြားမဲ့၌။ အနုရူပဿ၊ လျောက်ပတ်သော။
စိတ္တုပ္ပါဒဿ၊ စိတ္တုပ္ပါဒ်ကို၊ ဝါ၊ စိတ် ထိုစိတ်၏ဖြစ်ကြောင်းဖြစ်သော
စေတသိက်ကို။ ဥပ္ပါဒနသမတ္ထော၊ ဖြစ်စေခြင်းငှါ စွမ်းနိုင်သော။ ဓမ္မော၊
သည်။ အနန္တရပစ္စယော၊ မည်သည်။ ဟောတိ၊ ၏။ တေနေဝ၊ ထိုမိမိ၏
အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သော
တရား၏ အနန္တရပစ္စည်းမည်သည်၏ အဖြစ်ကြောင့်သာလျှင်။ အနန္တရ-
ပစ္စယောတိ။ပ။ ပစ္စယောတိအာဒိံ၊ ဤသို့အစရှိသော စကားကို။ ဘဂဝါ၊
သည်။ အာဟ၊ ဟောတော်မူပြီ။ [အနန္တရပစ္စယောတိ၊ ဟူသည်ကား။
စက္ခုဝိညာဏဓာတု၊ သည်ငှင်း။ တံသမ္ပယုတ္တကာ၊ တိုစက္ခုဝိညာဏဓာတ်
နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခုတို့သည်
ငှင်း။ မနောဓာတုယာ၊ သမ္ပဋိစ္ဆိုန်းဒွေဟုဆိုအပ်သော မနောဓာတ်အား
ငှင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊
ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တဆယ်တို့အားငှင်း။
အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ၏။]

ယော၊ အကြင်တရားသည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းသည်။ (ဟောတိ၊ ၏။) သ္ဝေ၊ ထိုအနန္တရပစ္စည်းဖြစ်သော တရားသည်ပင်လျှင်။ သမနန္တရပစ္စယော၊ သည်။ (ဟောတိ၊ ၏။) ဟိ-သစ္စံ၊ ၏။ ဧတ္ထ၊ ဤပစ္စည်းနှစ်ပါးတို့၌။ ဗျဉ္ဇနမတ္တမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူး၏။ ကေသုဝိယ၊ တို့၌ကဲ့သို့နည်း။ ဥပစယသန္တတီသု ဝိယ၊ ဥပစယသန္တတိတို့၌ကဲ့သို့ ၎င်း။ အဓိဝစနနိရုတ္တိဒုကာဒီသု ဝိယ စ၊ အဓိဝစနဒုက် နိရုတ္တိဒုက်အစရှိသည်တို့၌ကဲ့သို့၎င်းတည်း။ အတ္ထတော ပန၊ အားဖြင့်မူကား။ နာနံ၊ ထူးသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။

အတ္တာနန္တရတာယ၊ တစုံတခုသော ဓမ္မဟူသော သရုပ်တရားကိုယ်အားဖြင့် အခြားမရှိသည်၏အဖြစ်ဖြင့်။ အနန္တရပစ္စယော၊ မည်၏[၁]။ ကာလာနန္တရတာယ၊ ကာလအထူးအားဖြင့် အခြားမရှိသည်၏အဖြစ်ဖြင့်။ သမနန္တရပစ္စယော၊ မည်၏။ ဣတိ၊ သို့။ အာစရိယာနံ၊ ရေဝတဆရာတို့၏။ ယမ္ပိ မတံ၊ အကြင်အလိုသည်လည်း။ အတ္ထိ၊ ၏။ (တနည်း) ယံ၊ အကြင်အနက်သဘောကို။ အာစရိယာနံ၊ တို့သည်။ မတံ၊ လိုအပ်၏။ တမ္ပိ၊ ထိုအနက်သဘောသည်လည်း။ (ဝိရုဇ္ဈတိ-၌စပ်) နိရောဓာ ဝုဋ္ဌဟန္တဿ။ပ။ ပစ္စယော ဟောတီအာဒီဟိ၊ ဤသို့အစရှိသောစကားတို့နှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ တတ္ထ၊ ထိုဆရာတို့အလို၌၊ ဝါ၊ ထိုကာလဝိသေသအားဖြင့် အခြားမရှိသည်၏အဖြစ်ဖြင့် သမနန္တရပစ္စည်း မည်သည်၏အဖြစ်၌၊ ဝါ၊ ထိုဆိုအပ်ခဲ့ပြီးသော ဆန့်ကျင်ခြင်း၌။ ဓမ္မာနံ၊ ပစ္စည်းတရားတို့၏။ သမုဋ္ဌာပနသမတ္ထတာ၊ ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်။ န ပရိဟာယတိ၊ မယုတ်။ ပန၊ စင်စစ်သော်ကား။ ဘာဝနာဗလေန၊ ဘာဝနာ၏ အာနုဘော်သည်။ ဝါရိတတ္တာ၊ တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ ဓမ္မာ၊ စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့သည်။ သမနန္တရာ၊ အခြားမဲ့ကာလ၌။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ သို့။ ယမ္ပိ၊ အကြင်အကြောင်းကိုလည်း။ (အာစရိယာ၊

---

၁-အဒ္ဓါနန္တရတာယ-ဟူ၍လည်း ရှိ၏၊ ရှိသည့်အတိုင်းလည်း ပဋ္ဌာန်း အဋ္ဌကထာ နိဿရည်းဆရာ ယောဇနာ၏။ အတ္တာနန္တရတာယာတိ အတ္တေန ကေနစိ ဓမ္မေန အနန္တရ-တာယ၊ ကာလာနန္တရတာယာတိ ကာလဘေဒေန အနန္တရတာယ-ဟူသော ဋီကာနှင့် မနီးနှော သဘောယုတ္တိ စမ်းသော်လည်းမလျော်။ အဘယ့်ကြောင့်နည်း? အဓ္ဒန့်ကာလ အတ္ထမကွဲသောကြောင့်တည်း။ (ပြည်)

တို့သည်။) ဝဒန္တိ၊ ကုန်၏။ တမ္ပိ၊ ထိုအကြောင်းသည်လည်း၊ ဝါ၊ တမ္ပိ ဝစနံ၊ ထိုစကားသည်လည်း။ ကာလာနန္တရတာယ၊ ကာလအထူးအားဖြင့် အခြားမရှိသည်၏ အဖြစ်၏။ အဘာဝမေဝ၊ မရှိခြင်းကိုသာလျှင်။ သာ-ဓေတိ၊ ၏။ ဟိ၊ ထင်ရှားစေအံ့။ ဘာဝနာဗလေန၊ ဖြင့်။ တတ္ထ၊ ထို နိရောဓသမာပတ်၌၊ ဝါ၊ နိရောဓသမာပတ်မှ ထသောအခါ၌။ ကာလာ-နန္တရတာ၊ ကာလအားဖြင့် အခြားမရှိသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ (သတ္တာဟာဒိနာ၊ ခုနစ်ရက်အစရှိသော။ ကာလေန၊ အားဖြင့်။ အန္တရိတ-ဘာဝတော၊ ခြားဆီးအပ်သည်၏ အဖြစ်ကြောင့်တည်း။) (ဟိတ်လာ) ဣတိ-တသ္မာ၊ ကြောင့်။ မယံပိ၊ တို့သည်လည်း။ တေဒေဝ၊ ဤကာလ အားဖြင့် အခြားမရှိသည်၏ အဖြစ်၏မရှိခြင်းကိုပင်လျှင်၊ ဝါ၊ တေဒေဝ ကာလန္တရိတတာ အတ္ထိ ဣစ္စေဝ၊ ဤသို့ ခုနစ်ရက်စသောအားဖြင့် ကာလ အခြားရှိသည်၏ အဖြစ်ရှိ၏ဟူသော စကားကိုသာလျှင်။ ဝဒါမ၊ ဆိုပါ ကုန်၏။ စ၊ ဆက်ဦးအံ့။ ယသ္မာ၊ ကြောင့်။ ကာလာနန္တရတာ၊ ကာလ အားဖြင့် အခြားမရှိသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ သမနန္တရပစ္စယတာ၊ သမနန္တရပစ္စည်း၏ အဖြစ်သည်။ န ယုဇ္ဇတိ၊ မသင့်။ (ကာလမည်သည် တစုံတခု ပရမတ္ထအားဖြင့် မရှိသည် မဟုတ်လောဟု ဆိုရာ၏၊ ထိုကို ရှုံ့ရှာသည်ဖြစ်၍ ကာလာနန္တရ။ပ။ လဒ္ဓိ-မိန့်သည်) ဟိ-သစ္စံ၊ ၏၊ ဝါ၊ ဟိ-ယသ္မာ၊ ကြောင့်။ ကာလာနန္တရတာယ၊ ဖြင့်။ သမနန္တရပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ တေသံ၊ ထိုဆရာ တို့၏။ လဒ္ဓိ၊ အယူသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ကာလအားဖြင့် အခြားမရှိသည်၏ အဖြစ်၏မရှိခြင်းကြောင့်၊ ဝါ၊ ကာလအားဖြင့် အခြား မရှိသည်၏ အဖြစ်ကြောင့်။ အဘိနိဝေသံ၊ မြဲစွာနှလုံးသွင်းခြင်းကို၊ ဝါ၊ မှားသောအားဖြင့် နှလုံးသွင်းခြင်းကို။ အကတွာ၊ ၍။ ဧတ္ထ၊ ဤအနန္တရ သမနန္တရပစ္စည်းနှစ်ပါးတို့၌။ ဗျဉ္ဇနမတ္တတောဝ၊ ဝိဂ္ဂဟ်အနက်မျှဖြင့်သာ လျှင်။ နာနာကရဏံ၊ အထူးကို၊ (ကရဏ-ကား အနက်မရှိ) ဝါ၊ အသီးအသီး ကွဲပြားသည်ကို ပြုကြောင်းဖြစ်သောအထူးကို။ ပစ္စေတဗ္ဗံ၊ ယုံကြည်အပ်၏။ အတ္ထတော၊ ဝစနီယတ္ထအားဖြင့်၊ ဝါ၊ သဘာဝတ္ထအားဖြင့်။ (နာနာကရဏံ၊ ကို။) န ပစ္စေတဗ္ဗံ၊ အပ်။ (သဒ္ဒတ္ထအားဖြင့် ဝိသေသကို ပြခြင်းငှါ ကထံ-စသည်ကိုမိန့်) ကထံ၊ အသို့။ ဝိသေသော၊ သဒ္ဒတ္ထအားဖြင့် ထူးသည်။ ဟောတိ၊ ဖြစ်သနည်း။ ဟိ၊ ထင်ရှားပြအံ့။ ဧတေသံ၊ ထိုပစ္စည်းတရား

တို့၏၊ ဝါ၊ အား။ အန္တရံ၊ ခြားဆီးသည်ကိုပြုတတ်သော နာမ်တရား တပါးသည်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ကြောင့်။ အနန္တရာ၊ မည်ကုန်၏။ သဏ္ဌာနဘာဝတော၊ ရုပ်ကလာပ်တို့ကဲ့သို့ သဏ္ဌာန်၏မရှိခြင်းကြောင့်။ သုဋ္ဌု၊ ကောင်းစွာ။ အနန္တရာ၊ အခြားမရှိကုန်သည်တို့တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ သမနန္တရာ၊ ကုန်၏။

၁၉၉။ ဥပ္ပတ္တမာနော၀၊ မိမိဥပါဒ်ဆဲ ဖြစ်၍သာလျှင်။ သဟ၊ ကွ။ ဥပ္ပါဒနဘာဝေန၊ ပစ္စယုပ္ပန်တရားကို ဖြစ်စေသည်၏အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ သည်။ သဟဇာတပစ္စယော၊ မည်၏။ ကိမိဝ၊ ကား။ ပဒီပေါ၊ ဆီမီးသည်။ ပကာသဿ၊ အရောင် အလင်းအား။ ပစ္စယော ဝိယ၊ ကျေးဇူးပြုသကဲ့သို့တည်း။ သော၊ ထို သဟဇာတပစ္စည်းသည်။ အရူပက္ခန္ဓာဒိဝသေန၊ နာမက္ခန္ဓာအစရှိသည် တို့၏ အစွမ်းဖြင့်။ ဆဗ္ဗိဓော၊ သည်။ ဟောတိ၊ ၏။ ယထာဟ၊ ကား။ စတ္တာရော ခန္ဓာ။ပ။ ပစ္စယောတိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဣဒံ၊ ရူပိနော ဓမ္မာ။ပ။န သဟဇာတပစ္စယေန ပစ္စယော-ဟူသော ဤစကားကို။ ဟဒယဝတ္ထုမေဝ၊ ကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ရှင်တော်ဘုရား ဟောတော်မူအပ်၏။ [စတ္တာရော၊ ကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန် သော။ ခန္ဓာ၊ တို့သည်။ အညမညံ၊ အချင်းချင်း၊ ဝါ၊ တပါးသည် တပါး အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ အညမညံ၊ ချင်း၊ ဝါ၊ အား။ (သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။) ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမက္ခန္ဓာ-ဟု ဆိုအပ်သော နာမ်နှင့် ဟဒယဝတ္ထုဟု ဆိုအပ်သော ရုပ်သည်။ အညမညံ၊ ချင်း၊ ဝါ၊ အား။ (သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။) စိတ္တ-စေတသိကာ၊ ပဝတ္တိအခါ စိတ်စေတသိက်ဟုဆိုအပ်ကုန်သော။ ဓမ္မာ၊ (အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု စေတသိက်ဒွေပညာသ) တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ (သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။)

ပဋိသန္ဓေခဏ၌ စိတ္တသမုဋ္ဌာန်ရုပ်မရှိရကား စိတ္တစေတသိကာ-အရကို ပဝတ္တိယူ၊ တနည်း) (ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။) စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်။ ရူပါနံ၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေကမ္မဇရုပ်တို့အား။ (သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏[၁]။) မဟာဘူတာ၊ တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စ-ယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ရူပိနော၊ ရုပ်ဟုဆိုအပ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတရားတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ ကိဉ္စိ ကာလေ၊ ပဋိသန္ဓေဟုဆိုအပ်သော အချို့သောကာလ၌။ (တနည်း) ကိဉ္စိ-ကေစိ၊ အချို့သောဟဒယဝတ္ထု ဟူသော ရုပ်တရားတို့သည်။ ကိဉ္စိ-ကိသ္မိဉ္စိ ကာလေ၊ ပဋိသန္ဓေဟုဆိုအပ်သော အချို့သောကာလ၌။ သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ကိဉ္စိ ကာလေ၊ ပဝတ္တိဟုဆိုအပ်သော အချို့သောကာလ၌။ (တနည်း) ကိဉ္စိ-ကေစိ၊ အချို့သောရုပ်တရားတို့သည်။ ကိဉ္စိ-ကိသ္မိဉ္စိ ကာလေ၊ ပဝတ္တိဟုဆိုအပ်သော အချို့သောကာလ၌။ သဟဇာတပစ္စ-ယေန၊ ဖြင့်။ ပစ္စယော၊ သည်။ န ဟောတိ၊ မဖြစ်]။

[၁၆၇] ၆၀၀။ အညမညံ၊ အချင်းချင်းကို၊ ဝါ၊ အား။ ဥပ္ပါဒန္ု-ပတ္ထမ္ဘနဘာဝေန၊ ဖြစ်စေတတ်သည်, ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ အညမညပစ္စယော၊ မည်၏။ ကိမိဝ၊ ကား။ အညမညုပတ္ထမ္ဘကံ၊ အချင်းချင်းကိုထောက်ပံ့တတ်သော။ တိဒဏ္ဍကံ ဝိယ၊ သစ်သားသုံးချောင်းကဲ့သို့တည်း။ သော၊ ထိုအညမည ပစ္စည်းသည်။ အရူပခန္ဓာဒိဝသေန၊ နာမက္ခန္ဓာအစရှိသည်တို့၏ အစွမ်းဖြင့်။ တိဝိဓော၊ သည်။ ဟောတိ၊ ၏။ ယထာဟ၊ ကား။ စတ္တာရော ခန္ဓာ။ပ။ ပစ္စယောတိ၊ ဟူ၍။ အာဟ၊ ၏။ [စတ္တာရော၊ ကုန်သော။ အရူပိနော၊

၁-ဤသို့ ဩက္ကန္တိက္ခဏေ-လိုက်၍ စိတ္တစေတသိကာ ဓမ္မာ-အရကို ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာယူ၊ ရူပါနံ-အရကို ပဋ္ဌဝေါကာရပဋိသန္ဓေကမ္မဇရုပ်ယူ၊ သို့မှ သဟဇာတပစ္စည်းကုန်သည်၊ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌ စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟ-ဇာတရူပါနဉ္စ၊ မဟာဘူတာ အညမညံ ဥပါဒါရူပါနဉ္စ၊ ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ အညမညန္တိ စ တိဝိဓော ဟောတိ သဟဇာတပစ္စယော-ဟူသည်။

ကုန်သော။ ခန္ဓာ၊ တို့သည်။ (အညမညံ၊ အချင်းချင်း။) အညမည-ပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ (အညမညံ၊ ချင်း။ အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။) ဩက္ကန္တိက္ခဏေ၊ ၌။ နာမရူပံ၊ သည်။ (အညမညံ၊ ချင်း။) အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။]

၆၀၁။ အဓိဋ္ဌာနာကာရေန၊ စွဲ၍တည်ရာ၏ အဖြစ်ဟူသော အခြင်းအရာဖြင့်ငင်း။ နိဿယာကာရေန စ၊ မှီ၍ဖြစ်ရာ၏ အဖြစ်ဟူသော အခြင်းအရာဖြင့်ငင်း။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ နိဿယပစ္စယော၊ မည်၏။ ကိမိဝ၊ ကား။ ပထဝီပဋ္ဌာဒယော၊ မြေကြီးပုဆိုး အစရှိသည်တို့သည်။ တရုစိတ္တကမ္မာဒီနံ၊ သစ်ပင် ပန်းချီဆေး အစရှိသည်တို့၏။ (နိဿယာ၊ မှီရာတို့သည်။) ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့တည်း။ သော၊ ထိုနိဿယပစ္စည်းကို။ စတ္တာရော ခန္ဓာ။ပ။ ပစ္စယောတိ ဧဝံ၊ ဤသို့အတူ ရှိသောနည်းဖြင့်။ သဟဇာတေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ ပန၊ အထူးကိုဆိုအံ့။ ဧတ္ထ၊ ဤနိဿယပစ္စည်း၌။ ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ကောဋ္ဌာသော၊ အဖို့ကို။ စက္ခာ-ယတနံ။ပ။ ပစ္စယောတိ၊ ဟူ၍။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဝိဘတ္တော၊ သဗ္ဗညုဘုရားဝေဖန်တော်မူအပ်၏။ [စက္ခာယတနံ၊ သည်။ စက္ခုဝိညာဏ-ဓာတုယာ၊ အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဗ္ဗစိတ္တသာဓာရဏခုနစ်ခုတို့အားငင်း။ နိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ သောတဃာန-ဇိဝှါကာယာယတနံ၊ သောတာယတန-ဃာနာယတန-ဇိဝှါယတန-ကာယာ-ယတနသည်။ ကာယဝိညာဏဓာတုယာ၊ အားငင်း။ တံသမ္ပယုတ္တကာနံ၊ ကုန်သော။ ဓမ္မာနဉ္စ၊ တို့အားငင်း။ နိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ယံ ရူပံ၊ အကြင်ဟဒယရုပ်ကို။ နိဿာယ၊ ၍။ မနော-ဓာတု စ၊ သည်ငင်း။ မနောဝိညာဏဓာတု စ၊ သည်ငင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ အားငင်း။ မနောဝိညာဏဓာတုယာ စ၊ အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊

စေတသိက် ဒွေပညာသ တို့အားငှင်း။ နိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။]

၆၄၉။ ဘေဒသင်္ဂဟာတိ၊ ကား။ ဥပါဒါနပစ္စယာ၊ ကြောင့်။ ဘဝဿ၊ ဖြစ်သောဘဝ၏၊ ဝါ၊ ကို။ ဘေဒတော စေဝ၊ ကွဲပြားသောအားဖြင့်ရင်း၊ ဝါ၊ ဝေဖန်ခွဲခြမ်းသောအားဖြင့်ရင်း။ သင်္ဂဟတော စ၊ ပေါင်းချုပ်ရုံးစုသောအားဖြင့်ရင်း။ ဟိ၊ ချဲ့အံ့။ ကာမုပါဒါနပစ္စယာ၊ အကြောင်းကြောင့်။ ကာမဘဝနိဗ္ဗတ္တကံ၊ ကာမဘဝကို ဖြစ်စေတတ်သော။ ယံ ကမ္မံ၊ ကို။ (ပုဂ္ဂလေန၊ သည်။) ကရီယတိ၊ ပြုအပ်၏။ သော-ဓမ္မော၊ ထိုကာမကို ဖြစ်စေတတ်သော ကံ-ဟူသော သဘောတရားသည်။ ကမ္မဘဝေါ၊ မည်၏။ တဒဘိနိဗ္ဗတ္တာ၊ ထိုကမ္မဘဝသည် ဖြစ်စေအပ်ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ရူပါရူပဘဝေသု၊ တို့၌။ ဧသ နယော၊ ကို။ နေတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ ကာမုပါဒါနပစ္စယာ၊ ကြောင့်။ ဒွေ၊ ကာမ-

[၁]-သာတ္ထကာပိ ဗဟုဝါစာ၊ နာဒရာ ဗဟုဘာနိနော။ နနု ဒိဋ္ဌံ နဒီဇလံ၊ သောပကာရံ-ပျူ'ဒါသိနံ-ဟု ဗဟုပညာရှိတို့ဆိုရကား ကိံ ဝါ ဗဟုနာ-စသော ပါဌ်ကိုမိန့်။ (ပြည်)

ကမ္မဘဝကာမဥပပတ္တိဘဝအားဖြင့် နှစ်ပါးကုန်သော။ ကာမဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) သညာဘဝပဉ္စဝေါကာရဘဝါ၊ သညာဘဝပဉ္စဝေါကာရဘဝတို့သည်။ တဒန္တောဂဓာဝ၊ ထိုကာမဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဒွေ၊ ရူပကမ္မဘဝရူပဥပပတ္တိဘဝ-အားဖြင့် နှစ်ပါးကုန်သော။ ရူပဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) သညာဘဝ အသညာဘဝ ဧကဝေါကာရဘဝ ပဉ္စဝေါကာရဘဝါ၊ တို့သည်။ တဒန္တောဂဓာဝ၊ ထိုရူပဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဒွေ၊ အရူပကမ္မဘဝ အရူပဥပပတ္တိဘဝအားဖြင့် နှစ်ပါးကုန်သော။ အရူပဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) သညာဘဝနေဝသညာနာသညာဘဝစတုဝေါကာရဘဝါ၊ တို့သည်။ တဒန္တောဂဓာဝ၊ ထိုအရူပဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဣတိ၊ သို့။ အန္တောဂဓေဟိ၊ အတွင်းဝင်ကုန်သော ဘဝတို့နှင့်။ သဒ္ဓိံ၊ ကွ။ ဆ ဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏[၁]။) ကာမုပါဒါနပစ္စယာ၊ ကြောင့်။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဆ ဘဝါ၊ တို့သည်။ ဟောန္တိ ယထာ စ၊ ဖြစ်ကုန်သကဲ့သို့လည်း။ တထာ၊ တူ။ သေသုပါဒါနပစ္စယာပိ၊ ကာမုပါဒါန်မှကြွင်းသော ဥပါဒါန်သုံးပါးဟူသော အကြောင်းကြောင့်လည်း။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဆ ဘဝါ၊ ခြောက်ပါးခြောက်ပါးသော ဘဝတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ ဧဝံ၊ သို့။ ဥပါဒါနပစ္စယာ၊ ကြောင့်။ ဘေဒတော၊ ဖြင့်။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ စတုဝီသတိ ဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။)

သင်္ဂဟတော ပန၊ ဖြင့်ကား။ ကမ္မဘဝံ၊ ကိုငင်း။ ဥပပတ္တိဘဝဉ္စ၊ ကိုငင်း။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊ ၍။ ကာမုပါဒါနပစ္စယာ၊ ကြောင့်။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော၊ သော။ ကာမဘဝေါ၊ ငင်း။ တထာ၊ ထိုအတူ တပါးတပါးစီသာဖြစ်ကုန်သော။ ရူပါရူပဘဝါ၊ တို့ငင်း။ ဣတိ၊ သို့။ တယော၊ ကုန်သော။ ဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) သေသုပါဒါနပစ္စယာပိ၊ ကာမုပါဒါန်မှကြွင်းသော ဥပါဒါန်သုံးပါးဟူသော အကြောင်းကြောင့်လည်း။ တထာ၊ ထိုအတူ သုံးပါးသုံးပါးသောဘဝတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ ဧဝံ၊ သို့။

---

၁-ကာမ,ရူပ, အရူပ ကမ္မဘဝ ၃-ပါး၊ ကာမ,ရူပ, အရူပ ဥပပတ္တိ ဘဝ ၃-ပါး ဤ ၆-ပါးကို ဆ ဘဝါဟု ဆိုသည်။ (ဆ-သံ-သော)

ဥပါဒါနပစ္စယာ၊ ကြောင့်။ သင်္ဂဟတော၊ ဖြင့်။ အန္တောဂဓေဟိ၊ အတွင်းဝင်သောဘဝတို့နှင့်။ သဒ္ဓိံ၊ ကွ။ ဒွါဒသ ဘဝါ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ [၂၀၈] အပိစ-အပရော နယော၊ နည်းတပါးကို။ မယာ၊ သည်။ ဝုစ္စတေ၊ ဆိုအပ်၏။ အဝိသေသေန၊ ဥပါဒါန်၏အစွမ်းဖြင့် ကွဲပြားသည်ကို မပြုမူ၍၊ ဝါ၊ သာမညအားဖြင့်။ ဥပါဒါနပစ္စယာ၊ ကြောင့်။ ကာမဘဝူ-ပဂံ၊ ကာမဘဝသို့လားစေတတ်သော။ ကမ္မံ၊ သည်။ ကမ္မဘဝေါ၊ မည်၏။ တဒဘိနိဗ္ဗတ္တာ၊ ထိုကံသည်ဖြစ်စေအပ်ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ရူပါရူပဘဝေသု၊ တို့၌။ ဧသ နယော၊ ကို။ နေတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ ဥပါဒါနပစ္စယာ၊ ကြောင့်။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဒွေ၊ ကုန်သော။ ကာမဘဝါ၊ တို့ဧင်း။ ဒွေ၊ ကုန်သော။ ရူပဘဝါ၊ တို့ဧင်း။ ဒွေ၊ ကုန်သော။ အရူပဘဝါ၊ တို့ဧင်း။ ဣတိ၊ သို့။ အပရေန၊ သော။ ပရိယာယေန၊ ဖြင့်။ သင်္ဂဟတော၊ ပေါင်း၍ယူသောအားဖြင့်။ ဆ ဘဝါ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ကား။ ကမ္မဘဝဥပပတ္တိဘဝဘေဒံ၊ အပြားကို။ အနုပဂမ္မ၊ မမှီမူ၍၊ ဝါ၊ မသုံးသပ်မူ၍။ အန္တောဂဓေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ကာမဘဝါဒိဝသေန၊ ဖြင့်။ တယော၊ ကုန်သော။ ဘဝါ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ကား။ ကာမဘဝါဒိဘေဒမ္ပိ၊ အပြားကိုလည်း။ အနုပဂမ္မ၊ ၍။ ကမ္မဘဝဥပပတ္တိ-ဘဝဝသေန၊ ဖြင့်။ ဒွေ၊ ကုန်သော။ ဘဝါ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) စ၊ ကား။ ကာမုပပတ္တိဘေဒံအပိ၊ အပြားကိုလည်း။ အနုပဂမ္မ၊ ၍။ ဥပါဒါနပစ္စယာ ဘဝေါတိ၊ဟူ၍။ ဘဝဝသေန၊ ဖြင့်။ ဧကော၊ တပါးသာလျှင်ဖြစ်သော။ ဘဝေါ၊ သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤဥပါဒါနပစ္စယာ ဘဝေါ-ဟူသောပါဌ်၌။ ဥပါဒါနပစ္စယဿ၊ ဥပါဒါန်လျှင် အကြောင်းရှိသော။ ဘဝဿ၊ ဘဝ၏၊ ဝါ၊ ကို။ ဘေဒသင်္ဂဟာပိ၊ ခွဲခြမ်းစိတ်ဖြာခြင်း ပေါင်းခြင်းရုံးစုခြင်းအားဖြင့်လည်း။ ဝိနိစ္ဆယော၊ ကို။ ဝိညာတဗ္ဗော၊ အပ်၏။

၆၅၀။ ယံ ယဿ ပစ္စယော စာတိ၊ ကား။ စ၊ ပါး။ ဧတ္ထ၊ ဤဥပါဒါန-ပစ္စယာ ဘဝေါ-ဟူသောပုဒ်၌၊ ဝါ၊ လေးပါးသောဥပါဒါန်တို့တွင်။ ယံ ဥပါဒါနံ၊ သည်။ ယဿ ဘဝဿ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တတောပိ၊ ထိုထိုဥပါဒါန် ထိုထို၏ဘဝ ထိုထိုအားကျေးဇူးပြုသောအားဖြင့်

လည်း။ ဝိနိစ္ဆယော၊ ကို။ ဝိညာတဗ္ဗော၊ ၏။ ဣတိ အတ္ထော၊ အနက်။ တွေ၊ ဤဥပါဒါန်တို့တွင်။ ကိံ၊ အဘယ်ဥပါဒါန်သည်။ ကဿ၊ အဘယ်ဘဝအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ ပန၊ ဖြစ်ပါသနည်း။ ယံကိဉ္စိ၊ အမှတ်မရှိသောဥပါဒါန်သည်။ ယဿ ကဿစိ၊ အမှတ်မရှိသောဘဝအား။ ပစ္စယော၊ သည်။ ဟောတိယေဝ၊ တည်း။ ဟိ-သစ္စံ၊ မှန်၏။ ပုထုဇ္ဇနော၊ သည်။ ဥမ္မတ္တကော ဝိယ၊ အရူးနှင့်တူ၍[၁]။ သော၊ ထိုအရူးသဖွယ်ဖြစ်သောပုထုဇဉ်သည်။ ဣဒံ၊ ဤအမှုသည်။ ယုတ္တံ၊ သင့်၏။ ဣဒံ၊ ဤအမှုသည်။ အယုတ္တံ၊ မသင့်။ ဣတိ၊ သို့။ အဝိစာရေတွာ၊ မစိစစ်မဆင်ခြင်မူ၍။ ယဿ ကဿစိ၊ အမှတ်မရှိသော။ ဥပါဒါနဿ၊ ၏။ ဝသေန၊ ဖြင့်။ ယံကိဉ္စိ၊ သော။ ဘဝံ၊ ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ယံကိဉ္စိ၊ သော။ ကမ္မံ၊ ကို။ ကရောတိယေဝ၊ သာတည်း။ တသ္မာ၊ ကြောင့်[၂]။ ကေစိ၊ အချို့သောသူတို့သည်။ သီလဗ္ဗတုပါဒါနေန၊ သီလဗ္ဗတုပါဒါန်ဖြင့်။ ရူပါရူပဘဝါ၊ တို့သည်။ န ဟောန္တိ၊ ကုန်။ ဣတိ၊ ဤသို့။ ယံ-ဝစနံ၊ အကြင်စကားကို။ ဝဒန္တိ၊ ကုန်၏။ တံ-ဝစနံ၊ ကို။ န ဂဟေတဗ္ဗံ၊ အပ်။ ပန၊ စင်စစ်။ သဗ္ဗေန၊ အလုံးစုံသောဥပါဒါန်ကြောင့်။ သဗ္ဗော၊ အလုံးစုံသောဘဝသည်။ ဟောတိ၊ ၏။ ဣတိ-ဝစနံ၊ ဤအသင့်စကားကို။ ဂဟေတဗ္ဗံ၊ ၏[၃]။

---

၁-ကာမုပါဒါန်သည် ကာမဘဝအားသာ ကျေးဇူးပြုသင့်သည်မဟုတ်တုံလော၊ ကြွင်းသော ဥပါဒါန်တို့သည်လည်း ကြွင်းသောဘဝတို့အားသာ ယထာရဟ ကျေးဇူးပြုသင့်သည်မဟုတ်တုံလော? ကြောင့် ဥမ္မတ္တကော ဝိယ ဟိ-စသည်ကို မိန့်သော်။ (ပြည်)

၂-ကေစ္စေဆရာတို့၏စကားနှင့် မထပ်မိကြ မလျော်သေစွတကား? ကြောင့် တသ္မာ-စသည်ကို မိန့်သော်။ (ပြည်)

၃-ကေစွဆရာတို့သည် အဘယ်သို့နှလုံးသွင်း၍ အဘယ်သို့မှတ်ဆင်ကုန်သောကြောင့် သီလဗ္ဗတုပါဒါနေန ရူပါရူပဘဝါ န ဟောန္တိ-ဟု ဆိုကုန်သနည်း?ဂေါသီလေန ကုက္ကုရသီလေန စ သမ္ဘတ္တေန သမာဒိန္နေန ဂုန္နံ ကုက္ကုရာနဉ္စ သဟဗျတာ ဝုတ္တာတိ သီလဗ္ဗတုပါဒါနဝတော ဗျာနဘာဝနာ န ဣဇ္ဈတီတိ မညမာနာ ကေန ရူပါရူပဘဝါ န ဟောန္တီတိ ကေစိ ဝဒန္တိ။ ဋီကာ။ အဋ္ဌကထာဆရာသည်ပင် ဆိုသတုံ့သော အခြင်းအရာအားဖြင့် ကျေးဇူးပြုပေသည်၏ အဖြစ်ကြောင့် ကေစွတို့အကြံကို တဆံခြည်မျှမမှတ်အပ်ဟုပယ်ခြင်းငှါ တံ န ဂဟေတဗ္ဗံ-ကို မိန့်သည်။ ထိုစကားသင့်စွ။ ကိလေသသာသံသရာမှစင်ခြင်း၏ အကြောင်းဟု သုံးသပ်ခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏၊ ထိုသုဒ္ဓိမဂ္ဂ ပရာမသနဖြင့် ရူပါရူပါဝစရဈာန်တို့၏ ဖြစ်ခြင်းသည် မသင့်သည်ပဟုတ် သင့်ပေသည်သာတည်း။ (ပြည်)

သေသျထိဒံ၊ ကာမ။ ဣခ၊ ဤလူ့ရွာ၌။ ကေစွော၊ အချို့သော ပုတုဇဉ်သည်။ အနုဿဝဝသေန ဝါ၊ (သေတာဝယေဇ္ဇံ အာလာဘတေ ဘူဘိကာမော-ဤသို့အစရှိသော ဒိဋ္ဌိဆရာကြီးတရားကို ချဉ်းကပ်၍) နာဘူးသည်နှင့်စပ်သဖြင့်လည်းကောင်း[၁]။ ဒိဋ္ဌာနုသာရေန ဝါ၊ (ဤမနုဿ လောက၌ ကာမဂုဏ်ပြည့်စုံသကဲ့သို့ ထိုအဘူ ဒေဝလောက၌ ကာမဂုဏ် ဤထက် အဆအရာ ပြည့်စုံရာသည်ဟု) မြင်ဘူးသော မနုဿလောက ကာမဂုဏ်ကို လျှောက်၍ ဒေဝလောက ကာမဂုဏ်ကို ကြံသောအားဖြင့် ၎င်း[၂]။ ကာမာနာမေတေ-ဧတေ ကာမာ နာမ၊ ဤသို့ကာမဂုဏ်တို့သည်။ မနုဿလောကေ၊ ၌။ ခတ္တိယမဟာသာလကုလာဒီသု စေဝ၊ ခတ္တိယမဟာ သာလအမျိုးစသည်တို့၌၎င်း။ ဆကာမာဝစရဒေဝလောကေ စ၊ ခြောက် ထပ်သော ကာမာဝစရနတ်ပြည်၌၎င်း။ သမိဒ္ဓါ၊ ပြည့်စုံကုန်၏။ ဣတိ၊ သို့။ စိန္တေတွာ၊ ကြံ၍။ တေသံ၊ ထိုပြည့်စုံသော ကာမဂုဏ်တို့ကို။ အဓိဂမတ္ထံ၊ ရခြင်းငှါ။ အသဒ္ဓမ္မဿာဝနာဒီဟိ၊ (ပုရာဏဘာရတသီတာဟရဏပသုဗန္ဓ-ဝိဓိအစရှိသော)[၃] မသူတော်တရားကို ကြားနာခြင်းစသည်တို့သည်။ ဝဉ္စိ-

---

၁-အာစရိယေ အနု ဥပဂန္တွာ သဝနံ အနုဿဝေါ။ ပြု။ အနုဿဝဝသေနာတိ သေတ-ဝဓေယဇ္ဇံ အာလာဘတေ ဘူတိကာမောတိအာဒိအနုဿဝဝသေန။ ဋီကာ။ ဘူတိကာမော၊ ပွါးစီးခြင်းကိုအလိုရှိသော ကဝိသူသည်၊ သေဘာဓယဇ္ဇံ၊ ဖြူသောအဆင်းရှိသော သား အပေါင်းကိုသတ်၍ ပူဇော်ခြင်းနှင့်ယှဉ်သောယဇ်ကို။ အာသဘတေ-အာရဘတေ၊ အားထုတ် ရာ၏။ မိစ္ဆာဒိဋ္ဌိဆရာဘို့ဘရား။ (ပြည်)

၂-ဒိဋ္ဌဿ အနုဂန္တွာ သရဏံ စိန္တနံ ဒိဋ္ဌာနုသာရော၊ တေန ဒိဋ္ဌာနုသာရေန။ ယထာ ဣမေ မနုဿလောကေ ကာမာ သမိဒ္ဓါ၊ ဧဝံ ဒေဝလောကေ ဣတော သမိဒ္ဓတရာတိ ဒိဋ္ဌာနုသာရေန ဝါ။ ဋီကာ။ (ပြည်)

၃-ပုရာဏဘာရတသီတာဟရဏပသုဗန္ဓဝိဓိအာဒိသဝနံ အသဒ္ဓမ္မဿဝနံ။ အာဒိသဒ္ဒေန အသပ္ပုရိသူပနိဿယံ ပုဗ္ဗေ စ အကတပုညတံ အတ္တမိစ္ဆာပဏိဓိဉ္စ သင်္ဂဏှာတိ။ ဋီကာ။ ပုရာဏံ ဗြဟ္မဏ္ဍလိင်္ဂခန္ဓပုရာဏာဒိ။ သေတဝေဓယဝိယံ အာလာဘတေ ဘူတိကာမောတိအာဒိနာ ပသု-မာရဏာဝိဓာနယုတ္တော ယညဝိဓိ ပသုဗန္ဓဝိဓိ။ အနု။ ။ဗြဟ္မဏ္ဍလိင်္ဂခန္ဓပုရာဏာဒိ၊ ဗြဟ္မဏ္ဍ ပုရာဏ်ကျမ်း လိင်္ဂပုရာဏ်ကျမ်း ခန္ဓပုရာဏ်ကျမ်းအစရှိသည်သည်။ ပုရာဏံ၊ ပုရာဏ်ကျမ်းမည် ၏။ ဘူဘိကာမော၊ ပွါးစီးခြင်းကိုအလိုရှိသော ကဝိသူသည်။ သေဘဝဓေဘဝိယံ၊ ဖြူသော အဆင်းရှိသော သားအပေါင်းကိုသတ်၍ ပူဇော်ခြင်းနှင့်ယှဉ်သောယဇ်ကို။ အာလာဘတေ-အာရဘတေ၊ အားထုတ်ရာ၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသဖြင့်။ သေဝဝဓေဘဝိယံ-နှင့် သေဘဝဓယဇ္ဇံ-သည်ပုဒ်နေကွဲသည်၊ အနက်ကားတူသည်ပင်မှတ်၊ သေတဝဓေဟာဗ်ျ၊ ရှိသော် လည်း သင့်၏။ ပသုမာရဏာဝိဓာနယုတ္တော၊ သားကိုသတ်၍ ပူဇော်ခြင်းအစီအရင်နှင့် ယှဉ်သော။ ယညဝိဓိ၊ ယဇ်ပူဇော်ခြင်းအစီအရင်သည်။ ပသုဗန္ဓဝိဓိ၊ မည်၏။ ၎င်းအနု အနက်။ (ပြည်)

တော၊ လှည့်ပတ်အပ်သည်ဖြစ်၍။ ဣမိနာ ကမ္မေန၊ ဤကံကြောင့်။ ကာမာ၊ ကာမဂုဏ်တို့သည်။ သမ္ပဇ္ဇန္တိ၊ ပြည့်စုံကုန်၏။ ဣတိ၊ သို့။ မညမာနော၊ မှတ်ထင်သည်ဖြစ်၍။ ကာမုပါဒါနဝသေန၊ ဖြင့်။ ကာယဒုစ္စရိတာဒီနိပိ၊ တို့ကိုလည်း။ ကရောတိ၊ ၏။ သော၊ ထိုကာယဒုစရိုက်စသည်ကို ပြုမှားသော သောကျ်ားသည်။ ဒုစ္စရိတပါရိပူရိယာ၊ ဒုစ္စရိုက်၏ပြည့်ခြင်းကြောင့်။ အပါယေ၊ ၌။ ဥပပဇ္ဇတိ၊ ၏။ ဝါ ပန၊ တနည်းကား။ သန္ဒိဋ္ဌကေ၊ မျက်မှောက်ထင်ထင် ကိုယ်တိုင်မြင်အပ်ကုန်သော။ ကာမေ၊ (မင်းအဖြစ်သေနာပတိဋ္ဌာနစသောအားဖြင့် သင်္ဂြိုဟ်အပ်သော) ကာမဂုဏ်တို့ကို။ ပတ္ထယမာနော၊ တောင့်တသည်။ ပဋိလဒ္ဓေ ဝါ၊ ရပြီးသောကာမဂုဏ်တို့ကို မူလည်း။ ဂေါပယမာနော၊ စောင့်ရှောက်သည်။ (ဟုတ္ဝာ၊ ၍။) ကာမုပါဒါနဝသေန၊ ဖြင့်။ ကာယဒုစ္စရိတာဒီနိ၊ တို့ကို။ ကရောတိ၊ ၏။ သော၊ ထိုသူသည်။ ဒုစ္စရိတပါရိပူရိယာ၊ ဒုစရိုက်၏ပြည့်ခြင်းကြောင့်။ အပါယေ၊ ၌။ ဥပပဇ္ဇတိ၊ ၏။ တတြ၊ ထိုအပါယ်၌။ အဿ၊ ထိုသူ၏။ ဥပပတ္တိ-ဟေတုဘူတံ၊ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော။ ကမ္မံ၊ ဒုစရိုက်အကုသိုလ်ကံသည်။ ကမ္မဘဝေါ၊ မည်၏။ ကမ္မာဘိနိဗ္ဗတ္တာ၊ ကံသည်ဖြစ်စေအပ်ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ပန၊ ဆက်၍ဆိုအံ့။ သညာဘဝပဉ္စဝေါကာရဘဝါ၊ တို့သည်။ တဒန္တောဂဓာ ဝေ၊ ထိုဒုစရိုက်သည် ဖြစ်စေအပ်သော ကာမဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း[၁]။

[၂၁၉] ပန၊ ထိုမှတပါး။ အပရော၊ တဦးသောပုဂ္ဂိုလ်သည်။ သဒ္ဓမ္မ-ဿဝနာဒီဟိ၊ သူတော်ကောင်းတရားကို နာခြင်းအစရှိသည်တို့သည်။ (အာဒိ-သဒ္ဒေန သပ္ပုရိသူပနိဿယံ ပုဗ္ဗေ စ ကတပုညတံ အတ္တသမာပဏိဓိံ စ သင်္ဂဏှာတိ) ဥပဗြူဟိတဉာဏော၊ တိုးပွါးစေအပ်သော ဉာဏ်ရှိသည်ဖြစ်၍။

၁-သညာဘဝပဉ္စဝေါကာရဘာအကုန် အဘွင်းဝင်ကုန်သလော? အန္တောဂဓာတိ စ သညာဘဝပဉ္စဝေါကာရဘဝါနံ ကေဒေသေန အန္တောဂဓတ္တာ ဝုတ္တံ။ န ဟိ တေ နိရာဝသေသာ ကာမဘဝေ အန္တောဂဓာတိ။ ဋီကာ။ စ၊ ဆက်၍ဆိုအံ့။ အန္တောဂဓာတိ၊ ဟူသောစကားကို။ သညာဘဝပဉ္စဝေါကာရဘဝါနံ၊ တို့၏။ ကေဒေသေန၊ ဖြင့်။ (ကာမဘဝေ၊ ၌။) အန္တောဂဓတ္တာ၊ ကြောင့်။ အာစရိယေန၊ သည်။ ဝုတ္တံ၊ ၏။ ဟိ၊ ဗျတိရိုက်ကိုဆိုအံ့။ တေ၊ ထိုသညာဘဝပဉ္စဝေါကာရဘဝတို့သည်။ နိရာဝသေသာ၊ အကြွင်းမရှိကုန်သည်ဖြစ်၍။ ကာမဘဝေ၊ ၌။ အန္တောဂဓာ၊ အဘွင်ဝင်ကုန်သည်ချည်းသာလျှင်။ န ဟောန္တိ၊ ကုန်။ ဣတိ၊ ဤသို့သိအပ်၏။ ငင်းအနက်။ (ပြည်)

ဣမိနာ ကမ္မေန၊ ကြောင့်။ ကာမာ၊ တို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဣတိ၊ သို့။ မညမာနေ၊ ၍။ ကာမုပါဒါနပစ္စယေန၊ ဖြင့်။ ကာယသုစရိတာဒီနိ၊ တို့ကို။ ကရောတိ၊ ၏။ သော၊ ထိုသုစရိုက်စသည်ကိုပြုသော ပုဂ္ဂိုလ်သည်။ သုစရိတပါရိပူရိယာ၊ ကြောင့်။ ဒေဝေသု ဝါ၊ တို့၌ရင်း။ မနုဿေသု ဝါ၊ တို့၌ရင်း။ ဥပပဇ္ဇတိ၊ ၏။ တတြ၊ ထိုဒေဝမနုဿတို့၌။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဥပပတ္တိဟေတုဘူတံ၊ သော။ ကမ္မံ၊ ကုသိုလ်ကံသည်။ ကမ္မဘဝေါ၊ မည်၏။ ကမ္မာဘိနိဗ္ဗတ္တာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ပန၊ ဆက်၍ဆိုအံ့။ သညာဘဝပဉ္စဝေါကာရဘဝါ၊ တို့သည်။ တဒန္တောဂဓာ ဧဝ၊ ထိုသုစရိုက်သည် ဖြစ်စေအပ်သော ကာမဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဣတိ၊ သို့။ ကာမုပါဒါနံ၊ သည်။ သပ္ပဘေဒဿ၊ သုဂတိဒုဂ္ဂတိမနုဿဒေဝစသည်အပြားရှိသော။ သာန္တောဂဓဿ၊ အတွင်းဝင်သော သညာဘဝ, ပဉ္စဝေါကာရဘဝတို့နှင့် တကွဖြစ်သော။ ကာမဘဝဿ၊ ၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

အပရော၊ တဦးသည်။ ရူပါရူပဘဝေသု၊ တို့၌။ ကာမာ၊ တို့သည်။ တတော၊ ထိုဒေဝမနုဿတို့၌ဖြစ်သော ကာမဂုဏ်တို့ထက်၊ သမိဒ္ဓတရာ၊ အထူးသဖြင့် ပြည့်စုံကုန်၏။ ဣတိ၊ ဤသို့သော တရားစကားကို။ သုတွာ ဝါ၊ ကြား၍ရင်း။ ပရိကပ္ပေတွာ ဝါ၊ ကြံဆ၍ရင်း။ ကာမုပါဒါနဝသေန၊ ဖြင့်သာလျှင်။ ရူပါရူပသမာပတ္တိယော၊ တို့ကို။ နိဗ္ဗတ္တေတွာ၊ ၍။ သမာပတ္တိဗလေန၊ သမာပတ်၏အားဖြင့်။ ရူပါရူပဗြဟ္မလောကေ၊ ရူပါရူပဗြဟ္မလောက၌။ ဥပပဇ္ဇတိ၊ ၏။ တတြ၊ ထိုရူပါရူပဗြဟ္မလောက၌။ အဿ၊ ၏။ ဥပပတ္တိဟေတုဘူတံ၊ သော။ ကမ္မံ၊ သမာပတ်ကံသည်။ ကမ္မဘဝေါ၊ မည်၏။ ကမ္မာဘိနိဗ္ဗတ္တာ၊ သမာပတ်ကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ပန၊ ဆက်။ သညာအသညာနေဝသညာနာသညာဧကစတုဝေါကာရဘဝါ၊ တို့သည်။ တဒန္တောဂဓာ ဧဝ၊ ထိုသမာပတ်ကံသည် ဖြစ်စေအပ်သော ရူပအရူပဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဣတိ၊ သို့။ ကာမုပါဒါနံ၊ သည်။ သပ္ပဘေဒါနံ၊ ပဌမဈာန်, ဒုတိယဈာန်စသော အပြားနှင့်တကွဖြစ်ကုန်သော။ သာန္တောဂဓာနံ၊ အတွင်းဝင်သော သညာ,အသညာစသော ဘဝနှင့်တကွ ဖြစ်ကုန်သော။ ရူပါရူပဘဝါနမ္ပိ၊ တို့၏လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

အပရော၊ သည်။ အယံ အတ္တာ နာမ၊ ဤအတ္တမည်သည်။ ကာမာဝစရ-သမ္ပတ္တိဘဝေ ဝါ၊ ကာမာဝစရသုဂတိဘဝ၌၎င်း။ ရူပါရူပဘဝါနံ၊ တို့တွင်။ အညတရသ္မိံ ဝါ၊ တပါးပါးသော ဘဝ၌၎င်း။ ဥစ္ဆိန္နေ၊ ပြတ်သည်ရှိသော်။ သုဥစ္ဆိန္နော၊ အလုံးစုံသော ဝဋ္ဋဒုက္ခပြတ်သောအားဖြင့် ကောင်းစွာ အပြတ်ကြီးပြတ်သည်။ ဟောတိ၊ ၏။ (တဖန်ဘဝသစ် ဖြစ်ခြင်းမရှိပြီဟူသို) ဣတိ၊ ဤသို့နှလုံးပြု၍။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိကို။ ဥပါဒါယ၊ စွဲလမ်း၍။ တဒူပဂံ၊ ထိုကာမသုဂတိဘဝ, ရူပဘဝ, အရူပဘဝသို့ လားစေတတ်သော။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ တဿ၊ ထိုသူ၏။ ကမ္မံ၊ သည်။ ကမ္မဘဝေါ၊ မည်၏။ ကမ္မာဘိနိဗ္ဗတ္တာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ-ပတ္တိဘဝေါ၊ မည်၏။ ပန၊ ဆက်၍ဆိုအံ့။ သညာဘဝါဒယော၊ တို့သည်။ တဒန္တောဂဓာ ဧဝ၊ ထိုကံသည် ဖြစ်စေအပ်သော ကာမရူပအရူပဥပပတ္တိဘဝ၌ အတွင်းဝင်ကုန်သည်သာတည်း။ ဣတိ၊ သို့။ ဒိဋ္ဌုပါဒါနံ၊ သည်။ သပ္ပဘေဒါနံ၊ မနုဿဒေဝစသော အပြားရှိကုန်သော။ သာန္တောဂဓာနံ၊ အတွင်းဝင်သော သညာ အသညာစသော ဘဝနှင့်တကွဖြစ်ကုန်သော။ တိဏ္ဏမ္ပိ၊ ကုန်သော။ ကာမရူပါရူပဘဝါနံ၊ တို့၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

အပရော၊ သည်။ အယံ အတ္တာ နာမ၊ သည်။ ကာမာဝစရသမ္ပတ္တိ-ဘဝေ ဝါ၊ ၌၎င်း။ ရူပါရူပဘဝါနံ၊ တို့တွင်။ အညတရသ္မိံ ဝါ၊ ၌၎င်း။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဝိဂတပရိဠာဟော၊ ကင်းသော ရာဂဟူသော ပူပန်ခြင်းရှိသည်။ ဟောတိ၊ ၏။ (ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနပတ္တောတိ အတ္ထော) ဣတိ၊ သို့။ အတ္တဝါဒုပါဒါနေန၊ ဖြင့်။ တဒူပဂံ၊ သော။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ တဿ၊ ၏။ တံ ကမ္မံ၊ သည်။ ကမ္မဘဝေါ၊ မည်၏။ တဒဘိနိဗ္ဗတ္တာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ပန၊ အံ့။ သညာဘဝါဒယော၊ တို့သည်။ တဒန္တောဂဓာ ဧဝ၊ သာတည်း။ ဣတိ၊ သို့။ အတ္တဝါဒုပါဒါနံ၊ သည်။ သပ္ပဘေဒါနံ၊ ကုန်သော။ သာန္တော-ဂဓာနံ၊ ကုန်သော။ တိဏ္ဏံ၊ ကုန်သော။ ဘဝါနံ၊ တို့၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏[၁]။

---

၁-ဤအတ္တဝါဒုပါဒါန်၌ ကာမာဝစရသမ္ပတ္တိဘဝေ ဝါ-ဟူသောဤစကားကို ပဠမဒိဋ္ဌဓမ္မ-နိဗ္ဗာနဝါဒအားဖြင့် ဆိုသတည်း။ ကြွင်းသောရူပါရူပဘဝါနံ ဝါ အညတရသ္မိံ-ဟူသောစကား

အပရောပိ၊ သည်လည်း။ ဣဒံ သီလဗ္ဗတံ နာမ၊ ဤသီလဝတမည်သည်။ ကာမာဝစရေသမ္ပတ္တိဘဝေ ဝါ၊ ဦးရင်း။ ရူပါရူပဘဝါနံ၊ တို့တွင်။ အညတရ-သ္မိံ ဝါ၊ ဦးရင်း။ ပရိပူရေန္တဿ၊ ပြည့်သောသူအား။ သုခံ၊ ချမ်းသာစွာ၊ ဝါ၊ သုခံ-သုခေန၊ လွယ်သဖြင့်။ ပါရိပူရိံ၊ ထက်ဝန်းကျင်ပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤသို့နှလုံးပြု၍။ သီလဗ္ဗတုပါဒါနဝသေန၊ ဖြင့်။ တဒုပဂံ၊ သော။ ကမ္မံ၊ ကို။ ကရောတိ၊ ၏။ တဿ၊ ထိုသူ၏။ တံ ကမ္မံ၊ သည်။ ကမ္မဘဝေါ၊ ၏။ တဒဘိနိဗ္ဗတ္တာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပပတ္တိဘဝေါ၊ မည်၏။ ပန၊ အံ့။ သညာဘဝါဒယော၊ တို့သည်။ တဒန္တောဂဓာ ဧဝ၊ သာတည်း။ ဣတိ၊ သို့။ သီလဗ္ဗတုပါဒါနံ၊ သည်။ သပ္ပဘေဒါနံ၊ ကုန်သော။ သာန္တောဂဓာနံ၊ ကုန်သော။ ဘဝါနံ၊ တို့၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏[၁]။ ဧဝံ-ဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသော

---

ကို ဤမှတ ပါးသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ လေးပါးအားဖြင့်ဆိုသတည်း။ ထို ဒိဋ္ဌဓမ္မနိဗ္ဗာန-ဝါဒကိုပြသောပါဠိ၌ ရူပါဝစရဈာန်၏အစွမ်းဖြင့်သာလျှင် အထက်ဖြစ်သော လေးပါးသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒတို့သည် လာကုန်သည် မဟုတ်လော၊ အဘယ့်ကြောင့် အရူပကို ထည့်ရသနည်း? ကြောင့် တတ္ထ ကိဉ္စာပိ ပါဠိယံ။ ပ။ သန္တသုခတာယ ဝါ တံသမင်္ဂိနော သုခိတ-ဘာဝသမ္ဘဝတော။ ဋီကာ။ တတ္ထ၊ ထိုဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒတို့တွင်။ ပါဠိယံ၊ ၌။ ရူပါ-ဝစရဇ္ဈာနဝသေနေဝ၊ ဖြင့်သာလျှင်။ ဥပရိ၊ ၌။ စတ္တာရော၊ ကုန်သော။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ၊ တို့သည်။ ကိဉ္စာပိ အာဂတာ၊ ရှင့်။ ပန၊ ထိုသို့လာသော်သည်း။ ဒိဋ္ဌိဂတိကော၊ မိစ္ဆာအယူရှိသောပုဂ္ဂိုလ်သည်။ ယံကိဉ္စိ၊ အမှတ်မရှိတစုံတခုကို။ အဂေဟတွာ၊ မရေတွက်မူ၍၊ ဝါ၊ မယူမူ၍။ ယထာ တထာ၊ ဟုတ်ဟုတ်ငြားငြားသောအခြင်းအရာအားဖြင့်။ အဘိနိဝိသတိ၊ နှလုံးသွင်း၏။ ဣတိ-ဘသ္မာ၊ ကြောင့်။ အရူပဘဝဂ္ဂဟဏံ၊ အရူပဘဝကိုယူခြင်းကို။ ကတံ၊ ပြုအပ်၏။ ဝါ၊ ကား။ အရူပဇ္ဈာနာနံပိ၊ တို့၏သည်း။ စတုတ္ထဈာနသင်္ဂဟတော၊ စတုတ္ထဈာန်ဟူသောအရေအတွက်အားဖြင့်။ အရူပဘဝဂ္ဂဟဏံ၊ ကို။ ကတံ၊ ၏။ ဝါ၊ ကား။ သန္တသုခတာယ၊ ငြိမ်သက်သောသုခရှိသည်၏အဖြစ်ကြောင့်။ တံသမင်္ဂိနော၊ ထိုအရူပဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏။ သုခိဘာဘာဝသမ္ဘဝတော၊ ချမ်းသာခြင်းသို့ရောက်သည်၏အဖြစ်အားဖြင့် တူသည်၏အဖြစ်ကြောင့်။ အရူပဘဝဂ္ဂဟဏံ၊ ကို။ ကတံ၊ ၏။ ။ရင်းအနက်။ (ပြည်)

၁-ဣဒံ သီလဗ္ဗတံ နာမ-ဟူသောစကားကို ဒိဋ္ဌိဖြစ်သော သီလဗ္ဗတကိုသာ လိုအပ်သည်ဖြစ်၍ ဆိုအပ်လေသလော? ကြောင့် သုဒ္ဓိမဂ္ဂပရာမသနဝသေန ပဝတ္တိတံ ယံကိဉ္စိ လော-ကိယံ သီလံ ဗျာနဥ္စ သီလဗ္ဗတမိစ္စေဝ ဣဓာဓိပ္ပေတန္တိ အာဟ ဣဒံ သီလဗ္ဗတံ နာမာတိအာဒိ။ ဋီကာ။ သုဒ္ဓိမဂ္ဂပရာမသနဝသေန၊ ကိလေသာသံသရာဝဋ်ဒုက္ခမှ စင်ခြင်း၏အကြောင်းဟူ၍ မှားသောအားဖြင့်သုံးသပ်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ယံကိဉ္စိ၊ အမှတ်မရှိသော။ လောကိယံ၊ လောကီဖြစ်သော။ သီလံ၊ ကိုရင်း။ ဗျာနဥ္စ၊ ကိုရင်း။ သီလဗ္ဗတ-မိစ္စေဝ၊ သီလဝတ-ဟူ၍သာလျှင်။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတံ၊ ၏။ ဣတိ၊ ဤသို့နှလုံး

နည်းဖြင့်။ ဧတ္ထ၊ ဤဥပါဒါနပစ္စယာ ဘဝေါ-ဟူသော ပုဒ်၌။ ယံ၊ သည်။ ယဿ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တဒေတံပိ၊ လည်း။ ဝိနိစ္ဆယော၊ ကို။ ဝိညာတဗ္ဗော၊ ၏။

[၂၁၁] ဧတ္ထ၊ ဤလေးပါးသော ဥပါဒါန်တို့တွင်။ ကိံ၊ အဘယ် ဥပါဒါန်သည်။ ကဿ ဘဝဿ၊ အဘယ်ဘဝအား။ ကထံ-ကေန ပစ္စယေန၊ အဘယ်ပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ ပန၊ ဖြစ်ပေသနည်း။ ဣတိ စေ၊ ဤသို့မေးငြားအံ့။

ဥပါဒါနံ၊ သည်။ ရူပါရူပဘဝါနံ၊ တို့အား။ ဥပနိဿယပစ္စယော၊ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဟောတိ၊ ၏။) တံ-ဥပါဒါနံ၊ သည်။ ကာမဘဝဿ၊ အား။ သဟဇာတာဒိဟိပိ၊ သဟဇာတအစရှိသော သတ္တိတို့ဖြင့်လည်း။ (ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ ဝစနံ၊ ဤသို့သော အဆုံးအဖြတ်စကားကို။) ပဏ္ဍိတေန၊ သည်။) ဝိညေယျံ၊ ၏။

ဟိ၊ ချဲ့အံ့။ ရူပါရူပဘဝါနံ၊ တို့အားရင်း။ ကာမဘဝပရိယာပန္နဿ၊ ကာမဘဝ၌ အတွင်းဝင်သော။ ကမ္မဘဝေ၊ ကမ္မဘဝတွင်[၁]။ ကုသလကမ္မ-ဿေဝ စ၊ ကုသိုလ်ကံအားသာလျှင်ရင်း[၂]။ ဥပပတ္တိဘဝဿ စ၊ အားရင်း။ စတုဗ္ဗိဓမ္ပိ၊ လည်းဖြစ်သော။ ဧတံ ဥပါဒါနံ၊ သည်။ ဥပနိဿယပစ္စယေန၊

---

သွင်း၍။ ဝါ၊ ဣတိ-ဘသ္မာ၊ ကြောင့်။ ဣဒံ သီလဗ္ဗတံ နာမာတိအာဒိ၊ ဤသီလဗ္ဗတံ နာမာတိ အစရှိသည်ကို။ အာဟ၊ ၏။ ငင်း၌ကာ အနက်။ စကားပြီးဆုံး၍ နိဂုံးအုပ်ခြင်းငှါ ဝေဒမဉ္ဇ-စသည်ကိုမိန့်။ (ပြည်)

၁-ကမ္မဘဝေတိ နိဒ္ဓါရဏေ ဘုမ္မံ။ ဋီကာ။ ဤကမ္မဘဝေ-ပုဒ်ဖြင့် ကုသိုလ် အကုသိုလ် နှစ်ပါးသုံးအပေါင်း ကမ္မဘဝဟူသော နိဒ္ဓါရဏကို ပြ၏။ ကုသလကမ္မဿေဝ-ပုဒ်ဖြင့် အစိတ် နိဒ္ဓါရဏီယဖြစ်သော ကုသိုလ်ကမ္မဘဝကို ပြ၏၊ ကာမဘဝပရိယာပန္နဿ-ဟူသော ဝိသေသန သည်ကား ကမ္မဘဝဥပပတ္တိဘဝနှစ်ပါးသုံးနှင့် စပ်ဆိုင်၏။ ပြည့်မှူရင်း၌ကား-ကာမဘဝေ၊ ကာမဘဝတွင်။ (ကာမဘဝေတိ နိဒ္ဓါရဏေ ဘုမ္မံ။ ဋီကာ။) ကာမဘဝပရိယာပန္နဿ၊ သော။ ကုသလကမ္မဿေဝ စ၊ ကုသိုလ်ကံအားသာလျှင်ရင်း။ ဤသို့စသည်ဖြင့် အနက်ပေးထား၏။ ထိုတွင် ကာမဘဝေ-ဟူသောပုဒ်နှင့်အနက်သည် သင့်မည်မထင်၊ ငင်းကိုကုသလကမ္မဿေဝ စ ဥပပတ္တိဘဝဿ စ-တို့၌ နိဒ္ဓါရဏ နိဒ္ဓါရဏီယအဖြစ်ဖြင့် စပ်လိုခိုပ်ရှိ၏။ ကာမဘဝပရိယာ-ပန္နဿ-ဟူသော ဝိသေသနပုဒ်ဖြင့်ပင် ထိုအနက်ပြီးနိုင်သောကြောင့် ထိုသို့စပ်ရန်သည်း လိုမည် မထင်၊ ယခုစာမူဟူသမျှတို့၌သည်း ကမ္မဘဝေ-ဟူ၍သာ တညီတည်းရှိ၏။ (ဆ-သံ-ဒေသာ)

၂-ဧဝ-ဖြင့် အကုသလကမ္မကို ကန့်၊ စ-ဖြင့် ဥပပတ္တိဘဝကို ဆည်း။ ဧဝသည်းဆို၊ စ-သည်း ဆို၊ ကုန်းအိုဖျာယက်နည်း။ (ပြည်)

ဖြင့်[၁]။ ကေဓာဝ၊ ဖြင့်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ကာမဘဝေ၊ ၌။ အတ္တနာ၊ နှင့်။ သမ္ပယုတ္တာကုသလကမ္မဘဝဿ၊ သမ္ပယုတ်ဖြစ်သော အကုသိုလ်ကမ္မဘအော။ သဟဇာတ။ပ။ ဟေတုပစ္စယပဘေဒေဟိ၊ ဟေတုပစ္စည်း အထူးအပြားရှိကုန်သော။ သဟဇာတာဒိဟိ၊ သဟဇာတစသော ပစ္စည်းတို့ဖြင့်[၂]။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပန၊ ပါး။ ဝိပ္ပယုတ္တဿ၊ ဝိပ္ပယုတ်ဖြစ်သော။ (အကုသလကမ္မဘဝဿ၊ အား။) ဥပနိဿယပစ္စယေနေဝ၊ ဖြင့်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။

အယံ ဥပါဒါနပစ္စယာ ဘဝေါတိ ပဒသ္မိံ ဝိတ္ထာရကထာ။

---

## ဘဝပစ္စယာဇာတိအာဒိဝိတ္ထာရကထာ

၆၅၁။ ဘဝပစ္စယာ ဇာတီတိအာဒီသု၊ တို့၌။ ဇာတိအာဒီနံ၊ တို့၏။ ဝိနိစ္ဆယော၊ ကို။ သစ္စနိဒ္ဒေသေ၊ ၌။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ ပန၊ ထူးသည်ကိုဆိုအံ့။ ဧတ္ထ၊ ဤဘဝပစ္စယာ-ဟူသောပုဒ်၌။ ကမ္မဘဝေါ၊ ကိုသာလျှင်။ ဘဝေါတိ၊ ဟူ၍[၃]။ အဓိပ္ပေတော၊ ၏။ ဟိ-သစ္စံ၊ ၏။ သော ကမ္မဘဝေါ၊ သည်။ ဇာတိယာ၊ အား။ ပစ္စယော၊ သည်၊ ဟောတိ၊ ၏။ ဥပပတ္တိဘဝေါ၊ သည်။ ဇာတိယာ၊ အား။ ပစ္စယော၊ သည်။ (န ဟောတိ၊ မဖြစ်[၄]။)

---

၁-ဥပနိဿယဝသေန-ရှိမူ ဥပနိဿယသတ္တိဖြင့်ဟုပေး။ (ပြည်) ယခုစာကိုယ်၌မူ ဥပနိဿယပစ္စယဝသေန-ဟုရှိ၍၊ ဥပနိဿယပစ္စည်း၏ အစွမ်းအားဖြင့်-ဟု အနက်ပေးရာ၏။ (ဆ-သံ-သော)

၂-ဟေတူဟိ-မဆို ဟေတုပစ္စယပဘေဒေဟိ-ဆိုရကား မဂ္ဂပစ္စည်းကိုလည်းသင်္ဂြိုဟ်။ (ပြည်)

၃-ဘဝပစ္စယာ-ဟု သာမန်ဟောခြင်းကြောင့် ဥပပတ္တိဘဝလျှဉ်းခဲ့ရကား ဘဝေါတိ-ပနေတ္ထ-စသည်ကိုမိန့်သော်။ ဘဝပစ္စယာ-ဟု သာမန်ဟောသည်နှင့်အညီ ဥပပတ္တိဘဝကိုလည်း ယူသင့်ပါသည်? ကြောင့်-သော ဟိ-စသည်ကိုမိန့်သော်။ (ပြည်)

၄-ဥပပတ္တိဘဝ၏အဖြစ်ဖြင့် ဥပါဒိန္နက္ခန္ဓာတို့၏ဖြစ်ခြင်းမျှသည်သာလျှင် ဇာတိမည်သည်ဖြစ်ခဲ့ရကား န ဥပပတ္တိဘဝေါ-မိန့်သော်။ ဤကား အဋ္ဌကထာဆရာတော်အလိုတည်း၊ ဋီကာဆရာတို့ကား ဇာယမာနဿ ပန ဇာတိ ဇာတီတိ ဥပပတ္တိဘဝေါပိ အသတိ အဘာဝါ ဇာတိယာ ပစ္စယောတိ သက္ကာ ဝတ္တုံ။ ဇာယမာနရူပပဒဋ္ဌာနတာပိ ဟိ ရူပဇာတိယာ ဝုတ္တာ။ ဥပစိတရူပပဒဋ္ဌာနော ဥပစယော။ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ သန္တတီတိ-ဟု အထူးကြံပြန်သော်။ ပန၊ ထိုသို့အဋ္ဌကထာဆရာတော်ဆိုသော်လည်း။ ဇာယမာနဿ၊ ဖြစ်ဆဲဖြစ်သောခန္ဓာ၏။

စ၊ ဆက်၍ဆိုအံ့။ (ပန-ကား ပဒါလင်္ကာရ) သော ကမ္မဘဝေါ၊ သည်။ ဇာတိယာ၊ အား။ ကမ္မပစ္စယဉပနိဿယပစ္စယဝသေန၊ ဖြင့်။ ဒွေဓာဝ၊ တို့ဖြင့်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

တတ္ထ-တသ္မိံ ဘဝပစ္စယာ ဇာတိတိ ပဒေ၊ ပုဒ်၌။ (စောဒနာ၊ သည်။) သိယာ၊ ဖြစ်ကောင်း၏။ ဘဝေါ၊ သည်။ ဇာတိယာ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ တံ-ဝစနံ၊ ကို။ ကထံ-ကေန၊ အကြောင်းအဘယ်ဖြင့်။ ဇာနိတဗ္ဗံ ပန၊ သိအပ်ပါသနည်း။ ဣတိ စောဒနာ၊ သည်။ စေ သိယာ၊ အံ့။ ဗာဟိရပစ္စယသမတ္တေ၊ အပဖြစ်သော ပစ္စည်း၏ တူမျှသည်၏အဖြစ်သည်။ သတိပိ၊ သော်လည်း။ (ဇာတာနံ၊ ဖြစ်ကုန်သော။ ခန္ဓာနံ၊ တို့၏။) ဟီနပဏီတတာဒိဝိသေသဒဿနတော၊ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်စသော အထူးကိုမြင်ခြင်းကြောင့်။ ဇာနိတဗ္ဗံ၊ ၏။ (အာဒိ-သဒ္ဒါဖြင့် သုဝဏ္ဏဒုဗ္ဗဏ္ဏ စသော ဝိသေသကို သင်္ဂြိုဟ်သည်) ဟိ၊ ချဲ့အံ့။ ဗာဟိရာနံ၊ အပဖြစ်ကုန်သော။ ဇနကဇနနီ။ ပ ။ ဒီနံ၊ အမိအဖသုက်သွေး အာဟာရအစရှိကုန်သော။ ပစ္စယာနံ၊ တို့၏။ သမတ္တေ၊ သည်။ သတိပိ၊ လည်း။ သတ္တာနံ၊ တို့၏။ ယမကာနံ၊ အမြွာအစုံတို့သည်။ သတံပိ၊ ဖြစ်ကုန်သော်လည်း။ ဟီနပဏီတတာဒိဝိသေသော၊ အနိဋ္ဌအဖြစ် ဣဋ္ဌအဖြစ်စသော အထူးသည်။ ဒိဿတိ၊ ထင်၏။ စ၊

---

ဇာတိ၊ လက်ဦးဖြစ်ခြင်းဟုဆိုအပ်သော ဝိကာရသည်။ ဇာတိ၊ ဇာတိမည်၏။ (ဇာတိ-တပုဒ်သာ ရှိခဲ့လျှင် ဇာယမာနဿ-ကို ဇာယမာနာ+အဿ ခွဲ။ အဿ၊ ထို ဥပပတ္တိဘဝ၏အဖြစ် ဖြင့်ဖြစ်သော ဥပါဒိန္နက္ခန္ဓာ၏။ ဇာယမာနာ၊ ရှေးဦးဖြစ်စသဘောဟုဆိုအပ်သော ဝိကာရသည်။ ဇာတိ၊ ဇာတိမည်၏။ ပေး။) ဣတိ-တသ္မာ၊ ကြောင့်။ ဥပပတ္တိဘဝေါပိ၊ ကမ္မဘဝသာ မဟုတ် ဥပပတ္တိဘဝသည်လည်း။ (ဥပပတ္တိဘဝေ၊ သည်။) အသတိ၊ သော်။ ဇာတိယာ၊ ၏။ အဘာဝေါ၊ မရှိခြင်းကြောင့်။ ဇာတိယာ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ (ဇာတိယာ-ကားတန္တနည်း) ဣတိ၊ သို့။ ဝတ္တုံ၊ ငှါ။ သက္ကာ၊ ၏။ ဟိ-တံ ပါကဌ္ဌ ကရောမိ၊ အံ့။ ရူပဇာတိယာ၊ ၏။ ဇာယမာနရူပပဒဋ္ဌာနတာပိ၊ ဖြစ်ဆဲသောရုပ်လျှင် နီးစွာသော အကြောင်းရှိသည်၏အဖြစ်ကိုလည်း။ ဥပစိတရူပပဒဋ္ဌာနေ၊။ပ။ သန္တတိတိ၊ ဟူ၍။ ဝုတ္တာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌ဆိုအပ်၏။ [ဥပစယော၊ သည်။ ဥပစိတရူပပဒဋ္ဌာနော၊ ဖြစ်စရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ သန္တတိ၊ သည်။ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ၊ အစဉ်အဆက်အားဖြင့်ဖြစ်သော ရုပ်လျှင် နီးစွာသောအကြောင်းရှိ၏။] ဇာင်းဋီကာအနက်။ (ပြည်)

ဆက်၍ဆိုအံ့။ သော·ဟိနပဏီတတာဒိဝိသေသော၊ သည်။ အဟေတုကော၊ အကြောင်းကင်းသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ ကား။ သဗ္ဗဒါ စ၊ ခပ်သိမ်းသောကာလ၌ရင်း။ သဗ္ဗသတ္တ၊ ခပ်သိမ်းသောသတ္တဝါတို့အား ရင်း။ အဘာဝတော၊ တည်း။ ကမ္မဘဝတော၊ မှ။ အညဟေတုကော၊ တပါးသောအကြောင်းရှိသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ ကား။ တဒဘိနိဗ္ဗတ္တကသတ္တာနံ၊ ထိုကမ္မဘဝကို ဖြစ်စေတတ်ကုန်သော သတ္တဝါတို့၏။ အဇ္ဈတ္တသန္တာနေ၊ ၌။ (အတ္တသန္တာနဂတတော၊ မိမိသန္တာန်၌ ဖြစ်သည်မှ။) အညဿ၊ သော။ ကာရဏဿ၊ ဝိသေသကို ပြုတတ်သော အကြောင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ဣတိ-တသ္မာ၊ ထို(သို့အကြောင်းကင်းသည်လည်းမဟုတ် တပါးသော ဝိသေသကာရက ကာရဏ၏သည်း မရှိခြင်း)ကြောင့်။ (သော ဝိသေသော၊ သည်။) ကမ္မဘာဝဟေတုကော၀၊ ကမ္မဘာလျှင် အကြောင်းရှိသည်သာလျှင်။ ဟောတိ၊ ၏[၁]။ ဟိ·သစ္စံ ၏။ ကမ္မံ၊ သည်။ သတ္တာနံ၊ တို့၏။ ဟိနပဏီဘတာဒိဝိသေသဿ၊ ၏။ ဟေတု၊ သည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ ကမ္မံ။ပ။ ယာတိ၊ ဟူ၍။ အာဟ၊ ၏။ [ယဒိဒံ-ယာ အယံ ဟိနပဏီတတာ၊ အကြင်ယုတ်သည်၏အဖြစ် မြတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ၏။ တာယ ဟိနပဏီဘတာယ၊ ဖြင့်။ ကမ္မံ၊ သည်။ သတ္တေ၊ တို့ကို။ ဝိဘဇတိ၊ ဝေဖန်ပေ၏။] တသ္မာ၊ ကြောင့်။ ဘဝေါ ဇာတိယာ ပစ္စယောတိ၊ ဟူသော။ တေ·ဝစနံ၊ ကို။ ဇာနိတဗ္ဗံ၊ ၏။

စ၊ ထိုမှတပါး။ ယသ္မာ၊ ကြောင့်။ ဇာတိယာ၊ သည်။ အသတိ၊ သော်။ ဇရာမရဏံ နာမ၊ မည်သောတရားသည်ရင်း။ သောကာဒယော၊ ကုန်သော။ မမ္မာ ဝါ၊ တို့သည်ရင်း။ န ဟောန္တိ၊ ကုန်။ ပန၊ အလျော်ကို

---

၁-အညဿ ကာရဏဿ အဘာဝတော-ဟူသော ဟိတ်ကို အဋ္ဌကထာဆရာတော် ဆို၏။ ထိုဝိသေသကာရကကာရဏသည် တစုံတယောက်သောသူအား တစိုးတစိ ရကောင်းခဲ့သော် အညဟေတုကပင်ဖြစ်ကောင်းခဲ့သည်မဟုတ်လော? ကြောင့် အညဿ ကာရဏဿ အဘာဝတောတိ အတ္တသန္တာနဂတတော အညဿ ဝိသေသကာရကဿ ကာရဏဿ အနုပလဗ္ဘမာနတ္တာ သတိ စ တသ္မိံ သဗ္ဗဒါ သဗ္ဗေသံ ဘာဝါဘာဝတောတိ ပသင်္ဂဿ ဒုန္နိဝါရဏတော ကာရဏေ အဝိသိဋ္ဌေ ဖလဝိသေသဿ အယုဇ္ဇမာနကတ္တာ၊ တေနာဟ ကမ္မဟေတုကောဝါတိ-မိန့်သော်။ ဋီကာ။ ဤအနက်အလုံးစုံကို ဣတိ·သဒ္ဒါဖြင့်ခြုံ၍ အဋ္ဌကထာဆရာတော်ဆိုသည်ကို ဋီကာဆရာဖော်သည်။ သတ္တဝါတို့၏ ဟိနပဏီတတာအစရှိသော အထူးကို ကံမှတပါး အခြားအကြောင်း ဝေဖန်ခဲ့သော် မသင့်ခဲ့တုံစုဒ်ရှိရကား ကမ္မဥ္စ-စသည်ကိုမိန့်သော်။ (ပြည်)

ဆိုအံ့။ ဇာတိယာ၊ သည်။ သတိ၊ သော်။ ဇရာမရဏဋ္ဌေဝ၊ သည်ရင်း။ ဇရာမရဏသင်္ခါတဒုက္ခဓမ္မဖုဋ္ဌဿ၊ ဇရာမရဏဟုဆိုအပ်သော ဝဋ်ဆင်းရဲ တရားသည် နှိပ်စက်အပ်သော။ ဗာလဇနဿ၊ ဗာလဖြစ်သော ပုထုဇဉ် အား။ ဇရာမရဏာဘိသမ္ဗန္ဓာ ဝါ၊ ဇရာမရဏနှင့်စပ်သည်မူလည်း ဖြစ်ကုန် သော။ တေန တေန ဒုက္ခဓမ္မေန၊ ဉာတိဗျသနစသော ဇရာမရဏမှ တပါး သော ထိုထိုဝဋ်ဆင်းရဲတရားသည်။ [၂၁၁] ဖုဋ္ဌဿ၊ နှိပ်စက်အပ်သော။ (ဗာလဇနဿ၊ အား။) အနဘိသမ္ဗန္ဓာ ဝါ၊ ဇရာမရဏနှင့် မစပ်သည်မူလည်း ဖြစ်ကုန်သော။ သောကာဒယော၊ ကုန်သော။ ဓမ္မာ စ၊ တို့သည်ရင်း။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ အယံပိ ဇာတိ၊ သည်လည်း။ ဇရာမရဏဿ စေဝ၊ အားရင်း။ သောကာဒီနဉ္စ၊ တို့အားရင်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ပန၊ ဆက်၍ဆိုအံ့။ သာ-ဇာတိ၊ သည်။ ဥပနိဿယကောဋိယာ-ဥပနိဿယအံသေန၊ ဥပ နိဿယအစွန်းအမြိတ်ဖြင့်၊ အဖို့ဖြင့်[၁]။ ဥပနိဿယလေသေန၊ ဥပနိဿယ အရိပ်အမြွက်ဖြင့်။ (ဖွင့်) ဧကဓာဝ၊ ဖြင့်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။

အယံ ဘဝပစ္စယာ ဇာတီတိအာဒီသု ဝိတ္ထာရကထာ။

---

### ဘဝစက္ကကထာ

၆၅၂။ (သက်သက်ဖြစ်သော သောကအစရှိသည့်တို့အား သာ ဇာတိသည် ကျေးဇူးပြုသည်မဟုတ်၊ စင်စစ်အဟုတ်သော်ကား သောက

---

၁-ဥပနိဿယကောဋိ-ဟူသည် အဘယ်သို့သော ဥပနိဿယကိုဆိုလိုသနည်း? ယော ဟိ ပဋ္ဌာနေ အနာဂတော သတိ ဘာဝါ အသတိ စ အဘာဝါ သုတ္တန္တပရိယာယေန ဥပနိဿ- ယော၊ သော ဥပနိဿယကောဋီတိ ဝုစ္စတိ။ ပစ္စယမဟာပဒေသော ကိရေသော။ ယဒိဒံ ဥပနိဿယောတိ။ ဋီကာ။ ဟိ-တံ ပါကဋ္ဌံ ကရောမိ၊ အံ့။ ပဋ္ဌာနေ၊ ၌။ အနာဂတော၊ မလာသော။ ယသ္မိံ၊ အကြင်အကြောင်းသည်။ သတိ၊ သော်။ ဘာဝါ၊ ဖြစ်ခြင်းကြောင့်ရင်း။ အသတိ၊ သော်။ အဘာဝါ စ။ ကြောင့်ရင်း။ သုတ္တန္တပရိယာယေန၊ သုတ္တန်ဒေသနာတော် နည်းဖြင့်။ ယော ဥပနိဿယော၊ အကြင်ဥပနိဿယဟု ဆိုအပ်သော အကြောင်းသည်။ အတ္ထိ၊ ၏။ သော ဥပနိဿယော၊ ကို။ ဥပနိဿယကောဋီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပဋ္ဌာန်း ကျမ်း၌ မလာတုံလျက် အဘယ့်ကြောင့် ဥပနိဿယကောဋိ-ဟု ပစ္စည်းအထူးကြံပြန်

အစရှိသည်တို့၏ အကြောင်းဖြစ်သည်၏အဖြစ်ကြောင့် အဝိဇ္ဇာအားလည်း ကျေးဇူးပြုသည်သာတည်းဟု ပြခြင်းငှါ ယသ္မာ ပန- စသောစကားကို အားထုတ်အပ်သတည်း)

ပန၊ ဆက်၍ဆိုအံ့။ ယသ္မာ၊ ကြောင့်။ တွေ ပဋိစ္စသမုပ္ပါဒဒေသနာယံ၊ ၌။ သောကာဒယော၊ တို့ကို။ အဝသာနေ၊ ၌။ ဝုတ္တာ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ၊ ဟူ၍။ ဧဝံ၊ သို့။ ဧတဿ ဘဝစက္ကဿ၊ ဤဘဝစက်၏။ အာဒိမှိ၊ ၌။ ယာ သာ အဝိဇ္ဇာ၊ ကို။ ဝုတ္တာ၊ ၏။

သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ သောကာဒီဟိ၊ တို့ကြောင့်။ သိဒ္ဓါ၊ ပြီးသည်။ ဟောတိ၊ ၏။ အဝိဒိတာဒိ၊ မသိအပ်သောအစရှိသော။ ကာရကဝေဒကရဟိတံ၊ ပြုတတ်သောသူ ခံစားတတ်သောသူမှကင်းသော။ ဒွါဒသဝိဓသုညတာသုညံ၊ အဝိဇ္ဇာအစရှိသော တဆယ့်နှစ်ပါးအပြားရှိသော အင်္ဂါတို့၏ သုညာ၏အဖြစ်ဖြင့်ဆိတ်သော။ ဣဒံ ဘဝစက္ကံ၊ ဤဘဝစက်သည်။

သတတံ၊ အရဟတ္တမဂ်ကို ရသည်တိုင်အောင် အလုံးစုံသော ကာလ ပတ်လုံး၊ ဝါ၊ အမြဲ။ သမိတံ၊ စပ်ကာဖြစ်၍ တဆစ်မပြတ်[၁]။ ပဝတ္တတိ၊ မပြတ်ဓွန့်ရှည်ဖြစ်လျက်လည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

တွေ-ပဋိစ္စသမုပ္ပါဒဒေသနာယံ၊ ၌။ သောကာဒီဟိ၊ တို့ကြောင့်။ အဝိဇ္ဇာ၊ သည်။ ကထံ ပန၊ အဘယ်သို့လျှင်။ သိဒ္ဓါ၊ နည်း။ ကထံ၊ လျှင်။ ဣဒံ ဘဝစက္ကံ၊ သည်။ အဝိဒိတာဒိ၊ မသိအပ်သော အစရှိသနည်း။ ကထံ၊ လျှင်။ ကာရကဝေဒကရဟိတံ၊ နည်း။ ကထံ၊ လျှင်။ ဒွါဒသဝိဓသုညတာ-သုညံ၊ နည်း။ ဣတိ၊ သို့။ စေ ဝဒေယျ၊ အံ့။

(စောဒနာလေးချက် စကားထွက်ကို ပြက်ပြက်ထင်စွာ ဝိဿဇ္ဇနာမှုလိုရကား တွေ ဟိ-စသည်ကိုမိန့်သော်)

ဟိ၊ ပြက်ပြက်ထင်စွာဖွင့်ပြပါအံ့။ တွေ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ၌။ သောကဒေါမနဿုပါယာသာ၊ တို့သည်။ အဝိဇ္ဇာယ၊ နှင့်။ အဝိယောဂိနော၊

---

သနည်း? ယဒိဒံ-ယော အယံ ဥပနိဿယော၊ သည်။ အတ္ထိ၊ ၏။ သော ဥပနိဿယော၊ သည်။ ပစ္စယမဟာပဒေသော ကိရ၊ အရာကျယ်သောပစ္စည်းဖြစ်သတတ်။ ဣတိ၊ မှတ်အပ်၏။ ရင်းနက်။ (ပြည်)

၁-သမိတံကို သံ+ဣတံ-ပုဒ်ခွဲ။ သံ-ကား သမ္ဗန္ဓတ္ထ၊ ဣ-ကား ဂတျတ္ထ၊ တ-ပစ္စည်းကား ကတ္တတ္ထ၊ ကြိယာဝိသိသ်ပုဒ်တည်း။ (ပြည်)

မကွေမကွာယှဉ်ကုန်သည်။ ဟောန္တိ၊ ကုန်၏[၁]။ ပရိဒေဝေါ စ နာမ၊ ပရိဒေဝမည်သည်လည်း။ မူဠှဿ၊ မောဟလွှမ်းကဲ မိုက်မဲတွေ့ဝေသော သူအား။ ဟောတိ၊ ၏[၂]။ ဣတိ-တသ္မာ၊ ကြောင့်။ တေသု သောကာဒီသု၊ တို့သည်။ တာဝ၊ လက်ဦး။ သိဒ္ဓေသု၊ ပြီးကုန်သည်ရှိသော်၊ ဝါ၊ ရအပ် သိအပ်ကုန်သည်ရှိသော်။ အဝိဇ္ဇာ၊ သည်။ သိဒ္ဓါ၊ သည်။ ဟောတိ၊ ၏။ အပိ စ၊ တနည်းလည်း။ အာသဝသမုဒယာ၊ အာသဝ၏ဖြစ်ပွါးခြင်းကြောင့်။ အဝိဇ္ဇာသမုဒယော၊ အဝိဇ္ဇာ၏ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ (ဘဂဝတာ၊ သည်။) ဝုတ္တံ၊ ၏။ အာသဝသမုဒယာ စ၊ အာသဝ၏ ဖြစ်ပွါးခြင်းကြောင့်လည်း။ ဧတေ သောကာဒယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ကထံ ဟောန္တိ၊ နည်း။ တာဝ၊ စွာ။ ဝတ္ထုကာမဝိယောဂေ၊ ဝတ္ထုကာမ နှင့်ကင်းကွာခြင်းကြောင့်။ ဝါ၊ ဝတ္ထုကာမဝိယောဂေ၊ သည်။ သတိ၊ သော်။ သောကော၊ သည်။ ကာမာသဝသမုဒယာ၊ ကာမာသဝလျှင် ဖြစ်ကြောင်းရှိသည်။ ဟောတိ၊ ၏[၃]။

ယထာဟ၊ ကား။ တဿ စေ။ပ။ ရုပ္ပတီတိ၊ ဟူ၍။ အာဟ၊ ၏။

[ကာမယာနဿ၊ ဝတ္ထုကာမ၌ လိုချင်းကက် တပ်မက်တောင့်တ သော စိတ်ရှိထသော၊ ဝါ၊ ကာမယာနဿ၊ ကိလေသကာမ-ဟု ဆိုအပ် သော သွားကြောင်းယာဉ်ရှိထသော။ (ဋီကာနှင့်အညီပင်) ဆန္ဒဇာတဿ၊ ဖြစ်သော တဏှာဆန္ဒရှိသော။ တဿ ဇန္တုနော၊ ထိုသတ္တဝါအား။ တေ ကာမာ၊ ထိုရအပ်ပြီးသော ဝတ္ထုကာမတို့သည်။ စေ ပရိဟာယန္တိ၊ အကယ်၍ ကင်းကွာပျက်စီးကုန်အံ့။ ဧဝံ သတိ၊ ဤသို့ တစုံတခုသော ဘေးရန်ကြောင့် ရပြီးသော ဝတ္ထုကာမ ဆုတ်ယုတ်ပျက်စီးလတ်သော်။ သော ဇန္တု၊ သည်။ သလ္လဝိဒ္ဓေါ ဣဝ၊ မြားဖြင့်ပစ်အပ်သော သမင်ကဲ့သို့၊ ဝါ၊ မြားမှန်သော

---

၁-အချို့စာ၌ အဝိဇ္ဇာ စ-ရှိသည်ကား မသင့်၊ အဝိယောဂိနော ပုဂ္ဂလဿ-ဟု သမ္ဗော-ယောဇနာဖွင့်သည်လည်း မလျော်။ (ပြည်)

၂-ယင်းစကားသည် သောကစသည်တို့၏ အဝိဇ္ဇာအား ကျေးဇူးပြုသည်ကို ပြသော စကားတည်း။ (ပြည်)

၃-အာကာရန္တနှင့်ရှိမူ ကာမာသဝသမုဒယာ၊ ကြောင့်။ ဟောတိ၊ ၏။ ပေး။ (ပြည်) ယခုစာကိုယ်၌ ကာမာသဝသမုဒယာ-ဟူ၍ပင်ရှိ၏။ (ဆ-သံ-သော)

သမင်ကဲ့သို့။ (သောကာဒိနာ၊ သောကပရိဒေဝ-စသော မြားငြောင့်ဖြင့်။) ရုပ္ပတိ-ကုပ္ပတိ၊ ဖောက်ပြန်ပျက်စီး၏။]

ယထာ စ၊ အဘယ်သို့သော စကားကိုလည်း။ အာဟ၊ နည်း။ ကာမ-တော ဇာယတီ သောကောတိ၊ ဟူ၍။ အာဟ၊ ၏။

စ၊ ဆက်၍ဆိုအံ့။ သဗ္ဗေပိ၊ ကုန်သော။ ဧတေ သောကာဒယော၊ ထိုသောက စသည်တို့သည်။ ဒိဋ္ဌာသဝသမုဒယာ၊ ဒိဋ္ဌိ-ဟူသော အာသဝ၏ ဖြစ်ပွါးခြင်းကြောင့်၊ ဝါ၊ ဒိဋ္ဌိ-ဟူသော အာသဝလျှင် ဖြစ်ကြောင်းရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယထာဟ၊ ကား။ တဿ။ပ။ယာသာတိ၊ ဟူ၍။ အာဟ၊ ၏။

ရူပံ၊ ရုပ်သည်။ အဟံ၊ ငါပင်တည်း၊ ဝါ၊ အဟံ၊ ငါကား။ ရူပံ၊ ရုပ်ပင်တည်း။ မမ၊ ငါ၏။ ရူပံ၊ ရုပ်တည်း။ ဣတိ၊ သို့။ (ဒိဋ္ဌိယာ၊ ဒိဋ္ဌိ-ဟူသော မြားငြောင့်သည်။) ပရိယုဋ္ဌာနဋ္ဌာယိနော၊ ထိုးကျင့်အပ်သည်၏ အဖြစ်ဖြင့် တည်ခြင်းလေ့ရှိသော။ တဿ-ဇန္တုနော၊ အား[1]။ ရူပဝိပရိဏာမညထာ-

---

၁-ပရိယုဋ္ဌာယိနော-ရှိမှု ထိုးကျင့်တတ်သောဒိဋ္ဌိဖြင့်တည်လေ့ရှိသော။ တဿ ဇန္တုနော၊ အား။ ပေး။ ပရိယုဋ္ဌာနဘာယ တိဋ္ဌနသီလော ပရိယုဋ္ဌာနဋ္ဌာယီ။ ပရိယုဋ္ဌဋ္ဌာယိနောတိ ဝါ ပါဌော။ တတ္ထ ပရိယုဋ္ဌာတီတိ ပရိယုဋ္ဌံ- ဒိဋ္ဌိပရိယုဋ္ဌာနံ၊ တေန တိဋ္ဌတီတိ ပရိယုဋ္ဌဋ္ဌာယီတိ အတ္ထော ဒဋ္ဌဗ္ဗော။ ဋီကာ။ ပရိယုဋ္ဌာနတာယ၊ ထိုးကျင့်အပ် နှိပ်စက်အပ်သည်၏ အဖြစ်ဖြင့်။ တိဋ္ဌနသီလော၊ တည်ခြင်းအလေ့ရှိသည်ဘည်း။ (ဣတိ-ဘသ္မာ၊ ကြောင့်။) ပရိ-ယုဋ္ဌာနဋ္ဌာယီ၊ မည်၏၊ ဝါ၊ ကား။ ပရိယုဋ္ဌဋ္ဌာယိနောတိ၊ ဟူ၍။ ပါဌော၊ သည်၊ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုပရိယုဋ္ဌဋ္ဌာယိနော-ဟူသောပါဌ်၌။ ပရိယုဋ္ဌာတိ၊ ထိုးကျင့်တတ်နှိပ်စက်ဘတ်၏။ ဣတိ-ဘသ္မာ၊ ကြောင့်။ ပရိယုဋ္ဌံ၊ မည်၏။ ဒိဋ္ဌိပရိယုဋ္ဌာနံ၊ ထိုးကျင့်တတ်နှိပ်စက်ဘတ်သောဒိဋ္ဌိကိုရ၏။ တေန၊ ထိုထိုးကျင့်ဘတ်နှိပ်စက်ဘတ်သောဒိဋ္ဌိဖြင့်။ တိဋ္ဌတိ၊ တည်ဘတ်၏။ ဣတိ-ဘသ္မာ၊ ကြောင့်။ ပရိယုဋ္ဌဋ္ဌာယီ၊ မည်၏။ ဣတိ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ၎င်းနက်။ (ပြည်)

ထိုသာမကောပါဌ်၏အရင်းခံဖြစ်သော သံ ၂-၃ နကုလပိတုသုတ်၌ ပရိယုဋ္ဌဋ္ဌာယိနော-ဟု ရှိ၍ ထို၏မူလဝါကျ၌ ပရိယုဋ္ဌဋ္ဌာယီ-ပုဒ်ကို ဋ္ဌ ဋ္ဌ ပရိယုဋ္ဌဋ္ဌာယီတိ ပရိယုဋ္ဌာနာကာရေန (ပရိယုဋ္ဌနေဋ္ဌန-သီ) အဘိဘဝနာကာရေန ဌိတော၊ အဟံ ရူပံ, မမ ရူပန္တိ ဧဝံ တဏှာဒိဋ္ဌိဟိ ဂိလိတွာ ပရိနိဋ္ဌပေတွာ ဂဏှနကော နာမ ဟောတီတိ အတ္ထော-ဟု ဖွင့်ပြသား၏။ ၎င်း၏ ဋီကာ၌လည်း ပရိယုဋ္ဌဋ္ဌာယီတိ ပရိယုဋ္ဌာနပ္ပတ္တာဟိ ဒိဋ္ဌိတဏှာဟိ "ရူပံ အတ္တာ, ရူပဝါ အတ္တာ"တိအာဒိနာ ခန္ဓပဉ္စကံ မိစ္ဆာ ဂဟေတွာ တိဋ္ဌနကော။ တေနာဟ ပရိယုဋ္ဌာနာ-ကာရေနာတိအာဒိ-ဟု ဖွင့်ပြထား၏။ ထိုအလိုအားဖြင့် ပရိယုဋ္ဌဋ္ဌာယိနော၊ ထက်သန်းကျင်မှု ထကြွဖြစ်ပေါ်လျက် လွှမ်းမိုးသိမ်းပိုက်သော အခြင်းအရာအားဖြင့် တည်သော။ တဿ၊ ထိုပုဂ္ဂိုလ်အား-ဟု အနက်ပြန်ရာ၏။ ဤအရာ၌ ဤနိဿယ ဒုတိယအုပ် နှာ ၅၅-၌ ပရိယုဋ္ဌိ-တံ-ပုဒ်၏ အနက်နှင့်သည်း နှိုးနှောကြည့်သင့်၏။ (ဆ-သံ-သော)

ဘာဝါ၊ ရုပ်၏ပြကတေ့မှ ဖောက်ပြန်သည်၏အဖြစ် တပါးသောအပြားဖြင့် ဖြစ်သည်၏အဖြစ်ကြောင့်။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဒိဋ္ဌာသဝသမုဒယာ၊ ကြောင့်။ ဝေတေ သောကာ-ဒယော၊ တို့သည်။ ဟောန္တိ ယထာ စ၊ ဖြစ်ကုန်သကဲ့သို့လည်း။ ဧဝံ-တထာ၊ တူ။ ဘဝါသဝသမုဒယာပိ၊ ဘဝါသဝ၏ ဖြစ်ပွါးခြင်းကြောင့် လည်း။ ဝေတေ သောကာဒယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ယထာဟ၊ ကား။ [၂၁၂] ယေပိ တေ ဒေဝါ။ပ။ မာပဇ္ဇန္တီတိ၊ ဟူ၍။ အာဟ၊ ၏။

[ဒီဃာယုကာ၊ ရှည်သောအသက်ရှိကုန်သော။ ဝဏ္ဏဝန္တော၊ တင့်တယ်သောအဆင်းရှိကုန်သော။ သုခဗဟုလာ၊ ချမ်းသာများကုန်သော။ ယေပိ တေ ဒေဝါ၊ အကြင်နတ်တို့သည်လည်း။ ဥစ္စေသု၊ မြင့်မြတ်ကုန်သော။ ဝိမာနေသု၊ ဗိမာန်တို့၌။ စိရံ ဒီဃံ၊ အလွန်ရှည်စွာ။ အဒ္ဓါနံ၊ အခွန့်ပတ်လုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ (စိရံ ဒီဃံ-ကား ရူပရူပ, ပဒဋ္ဌာန-ကဲ့သို့တည်း) တေပိ ဒေဝါ၊ ထိုနတ်တို့သည်လည်း။ တထာဂတဿ၊ သဗ္ဗညုရှင်တော်ဘုရား၏။ ဓမ္မဒေသနံ၊ ကို။ သုတွာ၊ ၍။ ဘယံ၊ ကြောက်ခြင်းသို့။ သန္တာသံ၊ ပင်ပန်းခြင်းသို့။ သံဝေဂံ၊ ထိတ်လန့်ခြင်းသို့။ အာပဇ္ဇန္တိ၊ ကုန်၏။]

ကေသံ၊ အဘယ်ပုဂ္ဂိုလ်တို့အား။ ဘယံ၊ ကြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်သကဲ့သို့နည်း။ ပဉ္စ ပုဗ္ဗနိမိတ္တာနိ၊ သေအံ့သည်၏ ရှေးအဖို့၌ ဖြစ်သော ငါးပါးသော အမှတ်နိမိတ်တို့ကို။ ဒိသွာ၊ ၍။ မရဏဘယေန၊ သေအံ့သောဘေးသည်။ သန္တဇ္ဇိတာနံ၊ ခြိမ်းချောက်အပ်ကုန်သော။ ဒေဝါနံ၊ နတ်တို့အား။ ဘယံ၊ သည်။ သန္တာသော၊ သည်။ သံဝေဂေါ၊ သည်။ ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်သကဲ့သို့တည်း။ (တနည်း) ကေသံ၊ အဘယ်ပုဂ္ဂိုလ်တို့အား။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့နည်း။ ပဉ္စ ပုဗ္ဗနိမိတ္တာနိ၊ တို့ကို။ ဒိသွာ၊ ၍။ပ။ ဒေဝါနံ၊ တို့အား။ ဘဝါသဝသမုဒယာ၊ ကြောင့်။ သော-ကာဒယော၊ တို့သည်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့တည်း[၁]။

---

၁-ပဉ္စ ပုဗ္ဗနိမိတ္တာနီတိ မာလာ မိလာယန္တိ၊ ဝတ္ထာနိ ကိလိဿန္တိ၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ၊ ကာယေ ဝေဝဏ္ဏိယံ ဩက္ကမတိ၊ ဒေဝေါ ဒေဝါသနေ နာဘိရမတီတိ ဝုတ္တာနိ ပဉ္စ မရဏပုဗ္ဗ-နိမိတ္တာနီတိ အတ္ထော။ တာနိ ဟိ ဒိသွာ ကမ္မနိဗ္ဗတ္တက္ခန္ဓသန်္ဓါတေ ဥပပတ္တိဘဝေ ဘဝစ္ဆန္ဒဇလေန ဒေဝါနံ ဗလဝသောကော ဥပ္ပဇ္ဇတီတိ။ ဋီကာ။ ပဉ္စ ပုဗ္ဗနိမိတ္တာနီတိ၊ ကား။ မာလာ၊ ပန်သော

ဘဝါသဝသမုဒယာ၊ ဘဝါသဝဖြစ်ပွါးခြင်းကြောင့်။ ဧတေ သောကာ-ဒယော၊ တို့သည်။ ဟောန္တိ ယထာ စ၊ ဖြစ်ကုန်သကဲ့သို့လည်း။ ဧဝံ·တထာ၊ တူ။ အဝိဇ္ဇာသဝသမုဒယာပိ၊ ကြောင့်လည်း။ ဧတေ သောကာဒယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ယထာဟ၊ ကား။ သ ခေါ သော။ပ။ ဝေဒေတီတိ၊ ဟူ၍။ အာဟ၊ ၏။

[ဘိက္ခဝေ၊ တို့။ ခေါ၊ စစ်။ သော ဧသော ဗာလော၊ ထိုသို့သဘော ရှိသော ဤပညာမဲ့သောသူသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ၌လျှင်။ တိဝိဓံ၊ ရှိသော။ ဒုက္ခံ၊ သောကစသော ဒုက္ခကို¹။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။]

ဣတိ-ဣမိနာ ဝုတ္တနယေန၊ ဖြင့်။ ယသ္မာ၊ ကြောင့်။ အာသဝသမု-ဒယာ၊ ကြောင့်။ (သောကာဒယော၊ ကုန်သော။) ဧတေ ဓမ္မာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ ဧတေ သောကာဒယော၊ တို့သည်။ သိဇ္ဈမာနာ၊ ပြီးကုန်သည်ရှိသော်၊ ဝါ၊ သိဇ္ဈမာနာ၊ ကုန်သော။ ဧတေ သောကာဒယော၊ တို့သည်။ အဝိဇ္ဇာယ၊ ၏။ ဟေတုဘူတေ၊ အကြောင်း

---

ပန်းတို့သည်။ မိလာယန္တိ၊ ညှိုးနွမ်းကုန်၏။ ဝဏ္ဏာနိ၊ ဆင်ဝတ်သောအဝတ်တို့သည်။ ကိလိ-ဿန္တိ၊ ညစ်နွမ်းကုန်၏။ ကစ္ဆေဟိ၊ လက်ကတီးကြားတို့မှ။ သေဒါ၊ ချွေးတို့သည်။ မုစ္စန္တိ၊ ယိုထွက်ကုန်၏။ ကာယေ၊ ၌။ ဝေဝဏ္ဏိယံ၊ အဆင်းဖောက်ပြန်သည်၏ အဖြစ်သည်။ ဩက္က-မတိ၊ သက်ရောက်၏။ ဒေဝေါ၊ သည်။ ဒေဝါသနေ၊ နတ်တို့နေရာ၌။ နာဘိရမတိ၊ မမွေ့လျော်။ ဣတိ၊ သို့။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်သော။ ပဉ္စ၊ ကုန်သော။ မရဏပုဗ္ဗ-နိမိတ္တာနိ၊ သေအံ့သည်၏ ရှေးအဖို့၌ဖြစ်သော အမှတ်နိမိတ်တို့ကို။ ဣတိ အတ္ထော၊ ဤကား အနက်။ သာဓကပါဠိ၌ ဘဝါသဝဖြစ်ပွါးခြင်းကြောင့် သောကစသည်တို့ ဖြစ်ခြင်းသည် မထင်ရှားခဲ့တုံ? ကြောင့် တာနိ ဟိ-စသည်ကိုမိန့်သော်။ ဟိ-တံ ပါကဋံ ကရောမိ၊ အံ့။ တာနိ ပဉ္စပုဗ္ဗနိမိတ္တာနိ၊ တို့ကို။ ဒိသွာ၊ ၍၊ ဝါ၊ ကြောင့်။ ကမ္မနိဗ္ဗတ္တန္ခက္ခသန်ါတော၊ ကံကြောင့်ဖြစ်သော ခန္ဓာဟုဆိုအပ်သော။ ဥပပတ္တိဘဝေ၊ ၌။ ဘဝစ္ဆန္ဒဗလေန၊ ဘဝ၌ တပ်သောတဏှာဆန္ဒ၏အစွမ်းဖြင့်။ ဒေဝါနံ၊ တို့အား၊ တို့၏။ ဗသာသောကော၊ ပြင်းစွာ သော သောကသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ မှတ်အပ်၏။ ။ငင်းနက်။ (ပြည်)

၁-ဘဿာရုပ္ပကထာသဝန=ထိုသူမိုက်၏ မထိုက်မလျော် မတော်မသင့်ပြုကျင့်ခြင်းအား လျော်သော သူတပါးတို့ကဲ့ရဲ့သံစကားကို ကြားရခြင်း, ကမ္မကာရဏဒဿန=ကြမ္မာ အလျောက်ညှဉ်းဆဲသောအမှုကို မြင်ရခြင်း, မရဏကာလေ ကမ္မောပဋ္ဌာန=သေခါနီးကာလ ၌ ကံကြောင့်နိမိတ်ထင်ခြင်းဟူ၍ အကြောင်းသုံးပါးပြားရကား သောကစသော အကျိုး ဒုက္ခကို တိဝိဓ-ဟူ၍ ဆိုသည်။ (ပြည်)

ဖြစ်၍ဖြစ်ကုန်သော။ အာသဝေ၊ တို့ကို။ သာမေတ္ထိ-ဂမေတ္ထိ၊ သိစေတတ် ကုန်၏။ (ဋီကာ-အနုဋီကာတို့နှင့် အညီပင်) စ၊ ဆက်၍ဆိုအံ့။ အာသဝေ-သု၊ တို့သည်။ သိဒ္ဓေသု၊ ပြီးကုန်လတ်သော်။ ပစ္စယဘာဝေ၊ အာသဝ ဟူသော အကြောင်းရှိလတ်သော်။ ဘာဝတော၊ အဝိဇ္ဇာဟူသော အကျိုး ၏ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာပိ၊ သည်လည်း။ သိဒ္ဓါ၀၊ သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ အပ်၏။ ဝံ-ဝုတ္တနယေန၊ ဖြင့်။ တာဝ၊ စွာ။ ဧတ္ထ၊ ဤ ပဋိစ္စ သမုပ္ပါဒ်ဒေသနာ၌။ သောကာဒီဟိ၊ တို့ဖြင့်။ အဝိဇ္ဇာ၊ သည်။ သိဒ္ဓါ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

(ပဌမစောဒနာကို ဖြေပြီး၍ ဒုတိယစောဒနာကို ဖြေလိုရကား ယသ္မာ ပန-စသည်ကိုမိန့်သော်)

ပန၊ ပါး။ ယသ္မာ၊ ကြောင့်။ ပစ္စယဘာဝေ၊ အကြောင်းရှိလတ်သော်။ ဘာဝတော၊ ပစ္စယုပ္ပန်၏ ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာယ၊ သည်။ သိဒ္ဓါယ၊ သော်။ ပုန၊ ဖန်။ အဝိဇ္ဇာ။ပ။ ဝိညာဏန္တိ၊ ဟူ၍။ ဝံ၊ သို့။ ဟေတု-ဖလပရံပရာယ၊ အကြောင်း၏ရင်း, အကျိုး၏ရင်း အဆက်ဆက်အားဖြင့်။ ပရိယောသာနံ၊ ပြီးဆုံးခြင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဟေတုဖလသမ္ဗန္ဓဝသေန၊ အကြောင်းနှင့် အကျိုးစပ်သည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ မပြတ်မစဲ ဝဲသို့ခွန့်ရှည် အဖန်ဖန်လည်သော။ ဒွါဒသင်္ဂ၊ တဆယ့် နှစ်ပါးသော အင်္ဂါရှိသော။ တံ ဘဝစက္ကံ၊ ထိုဘဝစက်သည်။ အဝိဒိတာ-ဒီတိ၊ မသိအပ်သောအစရှိ၏ဟူ၍။ သိဒ္ဓံ၊ သည်၊ ဝ၊ ထင်ရှားသည်။ ဟောတိ၊ ၏။

ဝံ၊ ဤသို့ဘဝစက်၏ မသိအပ်သော အစရှိသည်ဖြစ်၍ အစကင်းသည် ၏ အဖြစ်သည်။ သတိ၊ သော်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ၊ ဟူ၍။ ဣဒံ အာဒိမတ္တကထနံ၊ ဘဝစက်၏ အဝိဇ္ဇာအားဖြင့် အစရှိသည်၏ အဖြစ်ကို ဆိုကြောင်းဖြစ်သော ဤစကားသည်၊ ဝါ၊ ဣဒံ အာဒိမတ္တကထနံ၊ အစမျှ ဖြစ်သော အဝိဇ္ဇာကိုဆိုကြောင်းဖြစ်သော ဤစကားသည်။ ဝိရုဇ္ဈတိ-ဆန့်ကျင်၏။ ဣတိ၊ သို့။ စေ ဝဒေယျ၊ ငြားအံ့[၁]။ ဣဒံ-ဝစနံ၊ အဝိဇ္ဇာ-

---

၁-အာဒိ ဧတဿ အတ္ထီတိ အာဒိမံ၊ ဘဝစက္ကံ၊ တဿ ဘာဝေါ အာဒိမတ္တံ၊ တဿ ကထနံ အာဒိမတ္တကထနံ။ (တနည်း) မတ္တ-သဒ္ဒါသည် အဝိတက္ကဝိစာရမတ္တ-စသည်တို့၌ကဲ့သို့ ဝိသေသနိဝတ္တိ အနက်ရှိသတည်း။ အာဒိ ဧ တံ မတ္တဉ္စာတိ အာဒိမတ္တံ။ အာဒိမတ္တဿ

ပစ္စယာ သင်္ခါရာ-ဟူသော ဤစကားသည်။ အာဒိမတ္တကထနံ၊ သည်။ န ဟောတိ၊ မဟုတ်။ ပန၊ စင်စစ်။ ဧဝံ၊ ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသော စကားသည်။ ပဓာနဓမ္မကထနံ၊ ပြဓာန်းသော တရားကိုဟောကြောင်းသည်။ ဟောတိ၊ ၏။ ဟိ၊ ချဲ့အံ့။ တိဏ္ဏန္နံ၊ ကုန်သော။ ဝဋ္ဋာနံ၊ ကိလေသဝဋ္ဋ် ကမ္မဝဋ္ဋ် ဝိပါကဝဋ္ဋ်တို့၏။ အဝိဇ္ဇာ၊ သည်။ ပဓာနာ၊ ပြဓာန်းသော တရားသည်။ ဟောတိ၊ ၏။ ဟိ-တံ ပါကဋ္ဋံ ကရောမိ၊ အံ့။ အဝိဇ္ဇာဂ္ဂဟဏေန၊ အဝိဇ္ဇာကို ဖြစ်စေသဖြင့်၊ ဝါ၊ ကြောင့်၊ ဝါ၊ အဝိဇ္ဇာကို မပယ်ခြင်းကြောင့်။ အဝသေသကိလေသဝဋ္ဋဉ္စ၊ အဝိဇ္ဇာမှကြွင်းသော ကိလေသဝဋ္ဋ်သည်၎င်း။ ကမ္မာဒီနိ စ၊ ကမ္မဝဋ္ဋ် ဝိပါကဝဋ္ဋ်တို့သည်၎င်း။ ဗာလံ၊ ကို။ ပလိဗောဓေန္တိ၊ အထူးထူးသော ဒုက္ခပွါးစီးသော သံသရာနှောင်အိမ်၌ ချုပ်ကိုင်တားမြစ်ကုန်၏။ ကိမိဝ၊ ကား။ သပ္ပသိရဂ္ဂဟဏေန၊ မြွေခေါင်းကိုကိုင်ခြင်းကြောင့်။ သေသသပ္ပသရီရံ၊ ခေါင်းမှကြွင်းသော မြွေကိုယ်သည်။ ဗာဟံ၊ မြွေဖမ်းသူလက်မောင်းကို။ ပလိဗောဓေတိ ဝိယ၊ ချုပ်ကိုင်ရစ်ပတ်သကဲ့သို့တည်း[၁]။ ပန၊ အထူးကိုဆိုအံ့။ အဝိဇ္ဇာသမုစ္ဆေဒေ၊ အဝိဇ္ဇာဝဋ္ဋ်မြစ်၏ ပြတ်ခြင်းကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ တေဟိ တီဟိ ဝဋ္ဋေဟိ၊ ထိုသုံးပါးသော ဝဋ္ဋ်တို့မှ။ ဝိမောက္ခော၊ လွတ်ခြင်းသည်။ ဟောတိ၊ ၏။ ကိမိဝ၊ ကား။ သပ္ပသိရစ္ဆေဒေ၊ မြွေခေါင်း၏ ပြတ်ခြင်းကို။ ကတေ၊ သော်။ ပလိဝေဌိတဗာဟာ၊ လက်ရုံးကိုရစ်သော မြွေ၏ ကိုယ်မှ၊ ဝါ၊ ရစ်အပ်သော လက်ရုံးရှိသော မြွေ၏ကိုယ်မှ။ ဝိမောက္ခော

---

ကထနံ အာဒိမတ္တကထနံ။ အဓိပ္ပါယ်ကား ဘဝစက်၏ အစမရှိသည်၏အဖြစ်သည် ဖြစ်လတ်သော် အဝိဇ္ဇာသည်အစ၌၎င်း အလယ်၌၎င်း အဆုံး၌၎င်း အလုံးစုံသောအရာ၌ ဖြစ်စကောင်းသည်၊ ထိုကြောင့် အဝိဇ္ဇာပစ္စယာ-ဟု အစမျှကိုဟောခြင်းသည် ဆန့်ကျင်ခဲ့သည် ဟူလိုသည်။ ယင်းစောဒနာကိုဖြေလိုရကား-နယိဒံ-စသည်ကိုမိန့်။ (ပြည်)

၁-မြွေခေါင်းကိုကိုင်သကဲ့သို့ အဝိဇ္ဇာကိုကိုင်သည်ကို အဝိဇ္ဇာဂ္ဂဟဏေန-ဆိုသလော? ကြောင့် အဝိဇ္ဇာဂ္ဂဟဏေနာတိ အဝိဇ္ဇာယ ဥပ္ပါဒနေန-မိန့်သော်။ ပရိယုဋ္ဌာန်အားဖြင့် ဖြစ်စေသည်ကိုယူအံ့စိုးရကား အပ္ပဟာနေန ဝါ· ဋီကာမိန့်ပြန်သော်။ မပယ်အပ်သေးသော အဝိဇ္ဇာသည် အကြောင်းကိုရသည်ရှိသော် ဖြစ်ခြင်းငှါထိုက်သည်၏အဖြစ်ကြောင့် အနီး၌တည်သကဲ့သို့ပင်ဖြစ်၏ဟုပြခြင်းငှါ အတ္တနော သန္နိဟိတဘာဝကရဏေနာတိ အတ္ထော-ဟု ဋီကာတက်ပြန်သော်။ အတ္တနော၊ မိမိ၏။ သန္နိဟိတဘာဝကရဏေန၊ အနီး၌တည်သည်၏အဖြစ်ကိုပြုခြင်းကြောင့်။ ပေး။ မူလဋီကာ၌ကား အတ္တနော သန္တာနေ-ဟုရှိ၏။ အတ္တနော၊ ၏။ သန္တာနေ၊ ၌။ (အဝိဇ္ဇာယ၊ ၏။) သန္နိဟိတဘာဝကရဏေန၊ စုဝေးသည်၏

ဝိယ၊ လွှတ်ခြင်းကဲ့သို့တည်း[၁]။ ယထာဟ၊ ကား။ အဝိဇ္ဇာယ တွေဝ။ပ။ နိရောဓောတိအာဒိ၊ ကို။ အာဟ၊ ၏။ [အဝိဇ္ဇာယ တွေဝ-အဝိဇ္ဇာယ တု ဧဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အကြွင်းမရှိ အရိယာမဂ်ဖြင့် ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ယံ၊ အကြင်အဝိဇ္ဇာဟူသော ပဓာနဓမ္မကို။ ဂဏှတော၊ ကိုင်သောသူ၏၊ ဝါ၊ ဖြစ်စေသောသူ၏။ ဗန္ဓော စ၊ ဖွဲ့ခြင်းသည်ရင်း။ မုဥ္စတော၊ လွှတ်သောသူ၏။ မောက္ခော စ၊ လွှတ်ခြင်းသည်ရင်း။ ဟောတိ၊ ၏။ ဣဒံ၊ ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသော ပါဠ်သည်။ တဿ ပဓာန-ဓမ္မဿ၊ ထိုအဝိဇ္ဇာဟူသော ပဓာနဓမ္မကို။ ကထနံ၊ ဟောကြောင်းသည်။ ဟောတိ၊ ၏။ အာဒိမတ္တကထနံ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဧဝံ၊ သို့။ ဣဒံ ဘဝစက္ကံ၊ ကို။ အဝိဒိတာဒိတိ၊ မသိအပ်သော အစရှိ၏ဟူ၍။ ဝေဒိ-တဗ္ဗံ၊ ၏။

---

အဖြစ်ကို ပြုခြင်းကြောင့်။ ပေး။ အပ္ပဟီနာဝိဇ္ဇာ ကာရဏာလာဘေ ဥပ္ပတ္တိရဟာတာယ သမီပေယေဝါတိ အာဟ သန္နိဟိတဘာဝကရဏေနာတိ။ အနု၂-၁၃၆-ကို မြွော်သော် ရှေးအနက်လျော်သည်။ ပလိဗောဓေန္တီတိ နာနာဒုက္ခပရိဗျူဠ္ဌေ သံသာရစာရကေ နိရောဓေန္တိ။ ဋီကာ။ ပလိဝေဌေန္တိ-ဟူ၍လည်းရှိ၏။ ဥပမာနှင့်ထောက်သော် အနက် လျော်၏။ ပလိဗောဓေန္တိ-၌ ဗုဓ-ဓာတ်မဟုတ်၊ ပရိ-ရှေးရှိသောဗုဓိ-ဓာတ်တည်း။ ဗုဓိ ဟိံသာယံ၊ ဗုန္ဓေတိ ပလိဗုဒ္ဓေတိ ပလိဗောဓော-ဟု သဒ္ဒနီတိ၌ နိဂ္ဂဟိတ်လာသော ဥဒါ-ဟရဏ်ကိုပြသည်ကား ယေဘုယျ, အပ္ပကအားဖြင့်မလာသည်လည်း ရှိကောင်းပါသည်။ ဘက္ခသ ဟိံသနေပိ စ-ဟူသော ကစ္စာယနသာရ၌ နွားသည် ကောက်ရိုးကိုစားသည်ကိုပင် ညှဉ်းဆဲသည်ဆိုရသကဲ့သို့ သံသရာနှောင်အိမ်၌ သွတ်သွင်းချုပ်ကိုင်တားမြစ်ခြင်းကိုပင် ညှဉ်း ဆဲသည်ယူ။ ဘဝစက်သည်အစမထင်သကဲ့သို့ အဆုံးလည်းမထင် သံသရာဝဋ်ဝဲ မစဲမငြိမ်း ပျောက်တိမ်းသည်မရှိပြီလော ? ကြောင့်-အဝိဇ္ဇာသမုစ္ဆေဒေ ပန-စသည်ကို မိန့်သော်။ ပန-သဒ္ဒါကား-အပြစ်တင်ဖွယ် ပယ်၍ခဲခက် အထူးထွက်မူ မိန့်မြွက်ဝိသေသတ္ထပြီ-ဟူသော နိယံနှင့်အညီ ဝိသေသတ္ထဇောတကတည်း။ (ပြည်)

၁-ပလိဝေဌိတံ ဗာဟံ ယေနာတိ ပလိဝေဌိတဗာဟံ။ ယေန-သပ္ပသရီရေန၊ သည်။ စွဲ။ ရစ်အပ်သောလက်ရုံးမှဟုပါဌ်မြင်တိုင်း ယောဇနာခြင်းသည်ကား ဥပမေယျနှင့်မလျော်။ မြွေခေါင်းနှင့်အဝိဇ္ဇာကို ကြွင်းသောမြွေကိုယ်နှင့် ကြွင်းသောကိလေသဝဋ် ကမ္မဝဋ် ဝိပါက ဝဋ်တို့ကို လက်ရုံးနှင့်ဗာလပုထုဇဉ်ဉာဏ်မယှဉ်သောသူကို ဟပ်လေ။ (ပြည်) ဤ၌ ပလိ-ဝေဌိတ-ရှိလျှင် ရှေး၌လည်း အဘိဋ္ဌနှင့်အညီ ပလိဝေဌေန္တိ ပလိဝေဌေတိ-ဟုရှိသင့်၏။ သို့ မဟုတ် ရှေးနှင့်အညီ ဤ၌ ပလိဗောဓိတ-ဟူ၍သော်လည်း ရှိသင့်၏၊ စာကိုယ်၌ ရင်းအတိုင်း ပင် ရှိ၏။ (ဆ-သံ-သော)

[၂၁၃] (တတိယစောဒနာ၏ ဝိဿဇ္ဇနာကိုပြလိုရကား တယိဒံ ယသ္မာ-စသည်ကိုမိန့်သော်) ယသ္မာ၊ ကြောင့်။ တယိဒံ-တံ ဣဒံ ဘဝစက္ကံ၊ သည်။ အဝိဇ္ဇာဒီဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ကြောင့်။ သဒါရာဒိနံ၊ တို့၏။ ပဝတ္တိ၊ မပြတ်မစဲလည်သောအားဖြင့် ဖြစ်ခြင်းမျှသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တတော၊ ထိုအဝိဇ္ဇာစသောအကြောင်းမှ။ အညေန၊ သော။ (ကာရကေန ဝေဒကေန-၌ ဝိသေသနစပ်) ဗြဟ္မာ၊ ဗြဟ္မာသည်။ မဟာဗြဟ္မာ၊ ကြီးမြတ်သော ဗြဟ္မာတည်း။ သေဋ္ဌော၊ ချီးမွမ်းအပ်သော အထွတ်အမြတ် ဘုရားသခင်တည်း။ သဇ္ဇိတာ၊ ကမ္ဘာလောကသံသရာကို စီရင်တတ်ပေ၏။ ဣတိ ဧဝံ၊ သို့။ ပရိကပ္ပိတေန၊ ကြံဆအပ်သော။ သံသာရဿ၊ ကို။ ကာရကေန၊ ဖန်ဆင်းပြုလုပ် စီရင်တတ်သော။ ဗြဟ္မာဒိနာ ဝါ၊ ဗြဟ္မာစသည်မှငင်း။ ခေါ ပန၊ စစ်။ မေ၊ ငါ၏။ သော အယံ အတ္တာ၊ ထိုသို့သဘောရှိသော ဤအတ္တသည်။ ဝဒေါ၊ ဟိတ အဟိတ ထိုထိုကိုဆိုတတ်ပေ၏။ ဝေဒေယျော၊ သုခဒုက္ခစသည်ကို ခံစားတတ်ပေ၏၊ ဝါ၊ မိမိအာရုံကို သိတတ်ပေ၏၊ ဝါ၊ သုခိတော ဒုက္ခိတော စသည်ဖြင့် အလိုလိုကိုယ်တိုင်မှုလည်း သိတတ်၏၊ သူတပါးသည်မှုလည်း သိအပ်၏။ ဣတိ ဧဝံ၊ သို့။ ပရိကပ္ပိတေန၊ မိစ္ဆာအယူရှိသောသူတို့သည် ကြံဆအပ်သော။ သုခဒုက္ခာနံ၊ သုခဒုက္ခတို့ကို။ ဝေဒကေန၊ ခံစားတတ်သော။ အတ္တနာ ဝါ၊ အတ္တမှငင်း။ ရဟိတံ၊ ကင်းသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ (ဣဒံ ဘဝစက္ကံ၊ ကို။) ကာရကဝေဒကရဟိတန္တိ၊ ပြုလုပ်ဖန်ဆင်းတတ်သောသူ သုံးဆောင်ခံစားတတ်သောသူမှ ကင်း၏ဟူ၍ (ဝိဘာဝိနာ၊ သည်။) ဝေဒိတဗ္ဗံ၊ ၏[၁]။

၁-ဝဒေတီတိ ဝဒေါ၊ တံ တံ ဟိတာဟိတံ ဝတ္တာတိ အတ္ထော။ ဝေဒတိ ဝေဒိယတီတိ ဝါ ဝေဒေယျော။ ဝေဒေတိ-ဖြင့် ကတ္တုသာဓ်ကိုငင်း ဝိဓေါတ်၏အနုဘဝန ဉာဏအနက်နှစ်ပါးကို ငင်း ဝေဒိယတိ-ဖြင့် ကမ္မကတ္တုသာဓ်ကိုငင်း သုဒ္ဓကမ္မသာဓ်ကိုငင်းပြလိုရကား သုခါဒိံ အနုဘဝတိ သဝိသယေ စ ဇာနာတိ၊ သုခိတော ဒုက္ခိတောတိအာဒိနာ အတ္တနာ ပရေဟိ စ ဇာနာတိ ဉာယတိ စာတိ အတ္ထော၊ ဋီကာမိန့်သော်။ ဝေဒိယတီတိ ပန ကမ္မကတ္တုကမ္မာနံ ဝသေန နိဒ္ဒေသောတိ တဿပိ အတ္ထံ ဒဿေန္တော ဇာနာတိ ဉာယတိ စာတိ အာဟ။ အနု။ ဥပေက္ခာသည် သန္တသုခမဖြစ်၍ မိစ္ဆာဒိဋ္ဌိသည် အာရုံမမှုနိုင်ရကား သုခဒုက္ခာနံ ဝေဒကေန ဆိုသည်။ ဝါ၊ ဣဋ္ဌဖြစ်သောဥပေက္ခာကို သုခ၌ အနိဋ္ဌဖြစ်သော ဥပေက္ခာကိုဒုက္ခ၌ သွင်း၍ အကျဉ်းပြလိုရကား သုခဒုက္ခာနံ ဝေဒကေန-ဟူသည်။ ဗြဟ္မာဒိနာ ဝါ အတ္တနာ ဝါ-ဝယ် ဝါ-သဒ္ဒါကား ရာဇတော ဝါ-စသည်ဘို့၌ကဲ့သို့ သမုစ္စယတ္ထ၊ ခေါဝါပေယျ ဝါ ရဇာပေယျ

(စတုတ္ထစောဒနာ၏ ဝိဿဇ္ဇနာကို အားထုတ်လိုရကား ယသ္မာ ပနေတ္ထ-စသည်ကိုမိန့်သော်) ပန၊ ပါး။ ယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ၌၊ ဝါ၊ အဝိဇ္ဇာစသည်တို့တွင်။ အဝိဇ္ဇာ၊ သည်။ ဥဒယဗ္ဗယဓမ္မကတ္တာ၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။ ဓုဝဘာဝေန၊ မြဲသည်၏အဖြစ်မှငင်း။ သံကိလိဋ္ဌတ္တာ၊ ပူပန်စေအပ် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်ငင်း၊ ဝါ၊ ညစ်နွမ်းစေအပ်သည်၏အဖြစ်ကြောင့်ငင်း။ သံကိလေသိကတ္တာ စ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှါ ထိုက်သည်၏အဖြစ်ကြောင့်ငင်း။ သုဘဘာဝေန၊ တင့်တယ်သည်၏အဖြစ်မှငင်း။ ဥဒယဗ္ဗယပဋိပီဠိတတ္တာ၊ ဖြစ်ခြင်းပျက်ခြင်းသည် နှိပ်စက် ညှဉ်းဆဲအပ်သည်၏အဖြစ်ကြောင့်။ သုခဘာဝေန၊ ချမ်းသာသည်၏အဖြစ်မှငင်း။ ပစ္စယာယတ္တဝုတ္တိတ္တာ၊ မိမိပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်။ ဝသဝတ္တနဘူတေန၊ အလိုသို့ လိုက်တတ်သည် ဖြစ်၍ဖြစ်သော၊ ဝါ၊ မိမိအလိုသို့ လိုက်စေနိုင်သည်ဖြစ်၍ဖြစ်သော။ အတ္တဘာဝေန စ၊ မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တ၏အဖြစ်မှငင်း။ သုညာ၊ ဆိတ်သည်။ ဟောတိ၊ ၏။ (အဝိဇ္ဇာ၊ သည်။ သုညာ ယထာ၊ သကဲ့သို့။) တထာ၊ တူ။ သင်္ခါရာဒီနိ၊ ကုန်သော။ အင်္ဂါနိပိ၊ တဆယ့်တပါးသော အင်္ဂါတို့သည်လည်း။ သုညာနိ၊ ဓုဝဘာဝ သုဘဘာဝ သုခဘာဝ အတ္တဘာဝမှ ဆိတ်ကုန်သည်ချည်းတည်း။ ဝါ၊ ကား။ ယသ္မာ၊ ကြောင့်။ အဝိဇ္ဇာ၊ သည်။ အတ္တာ၊ အတ္တသည်။ န ဟောတိ၊ မဟုတ်။ အတ္တနော၊ အတ္တ၏။ (သန္တကံ၊ သည်လည်း။) န၊ မဟုတ်။ အတ္တနိ၊ အတ္တ၌။ န ဟောတိ၊ မဖြစ်။ အတ္တဝတီ၊ အတ္တရှိသည်။ န ဟောတိ၊ မဖြစ်။ တထာ၊ တူ။ သင်္ခါရာဒီနိ၊ သင်္ခါရအစရှိကုန်သော။ အင်္ဂါနိပိ၊ အင်္ဂါတို့သည်လည်း။ အတ္တာနော၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ အတ္တနော၊ မိမိ၏။ သန္တကာနိ၊ တို့သည်။ န ဟောန္တိ၊ ကုန်။ အတ္တနိ ၌။ န ဟောန္တိ၊ ကုန်။ အတ္တဝန္တာနိ၊ ရှိကုန်သည်။ န ဟောန္တိ၊ ကုန်။ (ဝိဘတ်ပြန်၍လိုက်) တသ္မာ၊ ကြောင့်။ ဧတံ ဘဝစက္ကံ၊ ဤဘဝစက်ကို။ ဒွါဒသဝိဓသုညတာသုညန္တိ၊ အဝိဇ္ဇာစသော တဆယ့်နှစ်ပါးသော အပြားရှိသော အင်္ဂါတို့၏ ဆိတ်သည်၏အဖြစ်ဖြင့်

---

ဝါ အာကောဋ္ဌာပေယျ ဝါ-စသည်တို့၌ကဲ့သို့ ဝိကပ္ပတ္ထမဟုတ်။ ထိုကြောင့် မဟုတ်လော ကာရကဝေဒကရဟိတံ-ဟု ဒွန်သမာသ်ကို ဆိုသတည်း။ (ပြည်)

ဓုဝသုဘာသုခအတ္တအဖြစ်မှ ဆိတ်၏ဟူ၍၊ ဝါ၊ တဆယ့်နှစ်ပါးအပြားရှိသော ဆိတ်သည်၏အဖြစ်ဖြင့် ဆိတ်၏ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။

၆၅၃။ (ဤရှေ့သော အဆုံးအဖြတ်ဖြင့် ပဋိစ္စသမုပ္ပါဒ် လက်စသတ်ပြီ လော? ကြောင့် ဝေဋ္ဌ ဝိဒိတွာ ပုန-စသည်ကို မိန့်သော်) စ၊ ဆက်၍ဆိုအံ့။ ဝေံ-ဝုတ္တနယေန၊ ဖြင့်။ (ဘဝစက္ကံ၊ ကို။) ဝိဒိတွာ၊ သိပြီး၍။ ပုန၊ ဖန်။

တဿ ဘဝစက္ကဿ၊ ၏။ အဝိဇ္ဇာတဏှာ၊ အဝိဇ္ဇာနှင့်တဏှာတို့ကို။ မူလံ၊ လဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ အတီတာဒယော၊ ကုန်သော။ တယော၊ ကုန်သော။ ကာလာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တေသု အင်္ဂေသု၊ ထိုတဆယ့်နှစ်ပါးသော အင်္ဂါတို့တွင်။ သရူပတော၊ သရုပ်အားဖြင့်။ (ပါဠိယံ၊ ၌။ အာဂတဝသေန၊ လာသည်၏အစွမ်းအားဖြင့်။) ဒွေ အင်္ဂါနိ၊ နှစ်ပါးသောအင်္ဂါတို့ကို။ အတီတကာလာနီတိ၊ အတိတ်ကာလတို့ဟူ၍။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ အဋ္ဌ အင်္ဂါနိ၊ ရှစ်ပါးသောအင်္ဂါတို့ကို။ ပစ္စုပ္ပန္န-ကာလာနီတိ၊ တို့ဟူ၍။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဒွေ ဧဝ အင်္ဂါနိ၊ နှစ်ပါးသာလျှင်ဖြစ်သော အင်္ဂါတို့ကိုလည်း။ အနာဂတကာလာနီတိ၊ ဟူ၍။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ (သေသစ္စကာ်၍ ပြက်ပြက်သိသာ ယောဇနာသည်)

ပန၊ ချဲဦးအံ့။ ခေါ၊ စစ်။ တဿ ဧတဿ ဘဝစက္ကဿ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော ဤဘဝစက်၏။ အဝိဇ္ဇာ စ၊ ၎င်း။ တဏှာ စ၊ ၎င်း။ ဣတိ-ဣမေ ဒွေ ဓမ္မာ၊ ဤနှစ်ပါးသောတရားတို့ကို။ မူလန္တိ၊ အမြစ်မူလ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တဒေတံ-တံ ဧတံ ဘဝစက္ကံ၊ သည်။ ပုဗ္ဗန္တာ-ဟရဏတော၊ အတိတ်ဖြစ်သော ရှေးအဖို့မှ ပစ္စုပ္ပန်အကျိုးကိုဆောင်သော အားဖြင့်၊ ဝါ၊ ဆောင်ခြင်းကြောင့်။ အဝိဇ္ဇာမူလံ၊ အဝိဇ္ဇာလျှင် အရင်း ရှိသော။ ဝေဒနာဝသာနံ၊ ဝေဒနာလျှင် အဆုံးရှိသော ဘဝစက်၎င်း။ အပရန္တသန္ဓာနတော၊ နောက်ဖြစ်သော အနာဂတ်အဖို့နှင့် စပ်သောအား ဖြင့်။ တဏှာမူလံ၊ တဏှာလျှင်အရင်းရှိသော။ ဇရာမရဏာဝသာနံ၊ ဇရာမရဏလျှင် အဆုံးရှိသော ဘဝစက်၎င်း။ ဣတိ၊ သို့။ ဒုဝိဓံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးသော ဘဝစက်တို့တွင်။ ပုရိမံ၊ ရှေးဖြစ် သော ဘဝစက်ကို။ ဒိဋ္ဌိစရိတဝသေန၊ ဒိဋ္ဌိစရိုက်ရှိသူ၏အစွမ်းဖြင့်၊ ဝါ၊ ဒိဋ္ဌိပြောသောပုဂ္ဂိုလ်၏အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။ ပစ္ဆိမံ၊ နောက်ဖြစ်သော

ဘဝစက်ကို။ တဏှာစရိတဝသေန၊ တဏှာပြောသော ပုဂ္ဂိုလ်၏အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဒိဋ္ဌိစရိတာနံ၊ ဒိဋ္ဌိပြောသောပုဂ္ဂိုလ်တို့ကို။ ဝါ၊ တို့၏။ အဝိဇ္ဇာ၊ သည်။ သံသာရနာယိကာ၊ သံသရာ၌ ဆောင်တတ်၏။ ဝါ၊ သင်္ခါရစသည်တို့၏ မပြတ်ဖြစ်ခြင်းဟုဆိုအပ်သော သံသရာကို ဖြစ်စေတတ်၏။ တဏှာစရိတာနဥ္စ၊ တို့ကိုလည်း၊ ဝါ၊ တို့၏လည်း။ တဏှာ၊ သည်။ သံသာရနာယိကာ၊ ၏။ ဝါ၊ ကား။ ဥစ္ဆေဒဒိဋ္ဌိသမုဂ္ဃါတာယ၊ ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ဖြတ်ခြင်းငှါ။ ပဌမံ၊ ရှေးဦးစွာသော ဘဝစက်ကို။ ဝုတ္တံ၊ ၏။ (ကသ္မာ၊ ကား။) ဖလုပ္ပတ္တိယာ၊ (ပစ္စက္ခမြင်အပ်သော ဝိညာဉ် စသော) ပစ္စုပ္ပန်အကျိုး၏ဖြစ်ခြင်းသည်၊ ဝါ၊ ဖြစ်ခြင်းဖြင့်။ ဟေတူနံ၊ (ပစ္စက္ခမမြင်ရပါကုန်သော ပုရိမဘဝ၌ မိမိ)အကြောင်းဖြစ်ကုန်သော အဝိဇ္ဇာသင်္ခါရတို့၏။ အနုပ္ပစ္ဆေဒပ္ပကာသနတော၊ မိမိအကျိုးကို မဖြစ်စေမူ၍ မပြတ်မစဲခြင်းကို ပြခြင်းကြောင့်တည်း၊ ဝါ၊ ဘဝစက်၏ ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။ (ဤသို့ယောဇနာသည်ကား ဖလုပ္ပတ္တိယာတိ ကတ္တုအတ္ထေ ကရဏဝစနံ၊ ကရဏတ္ထေ ဝေ ဝါ။ ပ။ ပကာသနဿ ဝါ ကရဏံ ဟောတီတိ-ဟူသော ဋီကာနှင့်လျော်စေသည်။ တနည်း) ဖလုပ္ပတ္တိယာ၊ ဝေဒနာဟု ဆိုအပ်သော အကျိုး၏ ဖြစ်ခြင်းကြောင့်။ ဟေတူနံ၊ တဏှာအစရှိကုန်သော အကြောင်းတို့၏။ (အနုပစ္ဆေဒ-၌စပ်) ပဌမဘဝစက္ကဿ၊ ၏။ (ပကာသနတော-၌စပ်) အနုပစ္ဆေဒပကာသနတော၊ မပြတ်မစဲမူ၍ ဖြစ်ခြင်းကို ပြတတ်သည်၏အဖြစ်ကြောင့်တည်း။ (ဤသို့ ယောဇနာသည်ကား အထ ဝါ ပုရိမဘဝစက္ကံ ဒုတိယေန သမ္ဗန္ဓံ။ ပ။ အနုပစ္ဆေဒပ္ပကာသနတောတိ အတ္ထော-ဟူသော ဋီကာနှင့်လျော်စေသည်။ တနည်း) ဖလုပ္ပတ္တိယာ၊ သင်္ခါရအစရှိသည်သာလျှင်ဖြစ်ကုန်သော အကျိုးတို့၏ ဖြစ်ခြင်းကြောင့်။ ဟေတူနံ၊ အဝိဇ္ဇာစသော အကြောင်းတို့၏။ ပဌမဘဝစက္ကဿ၊ ၏။ အနုပစ္ဆေဒပ္ပကာသနတော၊ မိမိအကျိုးကို မဖြစ်စေမူ၍ မပြတ်မစဲခြင်းကိုသာလျှင် ပြတတ်သည်၏အဖြစ်ကြောင့်တည်း။ (တနည်း) ဟေတူနံ၊ ဝိညာဉ်စသည်တို့၏ အကြောင်းဖြစ်ကုန်သော သင်္ခါရစသည်တို့၏။ ပဌမဘဝစက္ကဿ၊ ၏။ အနုပစ္ဆေဒပ္ပကာသနတော၊ အစဉ်စပ်ကာဖြစ်၍ မပြတ်မစဲခြင်းကိုသာလျှင် ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။ (ဤသို့ယောဇနာသည်ကား သင်္ခါရာဒီနမေဝ ဖလာနံ ဥပ္ပတ္တိယာ။ ပ။ အနုပစ္ဆေဒပ္ပကာသနတောတိ ဝုတ္တံ-ဟူသော ဋီကာနှင့်

လျှော်စေသည်) သင်္ခတဒိဋ္ဌိသမုဂ္ဃါတာယ၊ သင်္ခတဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်ခြင်းငှါ။ ဒုတိယံ၊ သော။ ဘဝစက္ကံ၊ ကို။ ဝုတ္တံ၊ ၏။ (ကသ္မာ၊ ကား။) ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော ဝိညာဉ်နာမ်ရုပ်သဠာယတနဖဿဝေဒနာတို့၏။ ဇရာမရဏပကာသနတော၊ အိုခြင်း သေခြင်းကို ပြတတ်သည်၏အဖြစ် ကြောင့်တည်း။ ဝါ၊ ကား။ ဂဗ္ဘသေယျကဝသေန၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ အစွမ်းဖြင့်။ ပုရိမံ၊ သော။ ဘဝစက္ကံ၊ ကို။ ဝုတ္တံ၊ ၏။ (ကသ္မာ၊ ကား။) အနုပုဗ္ဗပဝတ္တိဒီပနတော၊ (သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ ဤသို့စသည်ဖြင့်) ဓမ္မတို့၏အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြတတ် သည်၏အဖြစ်ကြောင့်တည်း။ ဩပပါတိကဝသေန၊ ပုဂ္ဂိုလ်၏အစွမ်းဖြင့်။ ပစ္ဆိမံ၊ သော။ ဘဝစက္ကံ၊ ကို။ ဝုတ္တံ၊ ၏။ (ကသ္မာ၊ ကား။) သဟုပ္ပတ္တိ-ဒီပနတော၊ (ဥပါဒါနပစ္စယာ ဘဝေါ-ဟူ၍ငင်း ဘဝပစ္စယာ ဇာတိ-ဟူ၍ငင်း) ဥပပတ္တိခန္ဓာတို့၏ တပေါင်းတည်းဖြစ်ခြင်းကို ပြတတ်သည်၏ အဖြစ်ကြောင့်တည်း။

စ၊ တပါး။ အတီတပစ္စုပ္ပန္နာနာဂတာ၊ ဂတ်တို့သည်။ အဿ၊ ထိုဘဝ စက်၏။ တယော၊ ကုန်သော။ ကာလာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တေသု၊ ထိုသုံးပါးသောကာလတို့တွင်။ ပါဠိယံ၊ ၌။ သရူပတော၊ အားဖြင့်။ အာဂတဝသေန၊ အားဖြင့်။ အဝိဇ္ဇာ စ၊ ငင်း။ သင်္ခါရာ စ၊ ငင်း။ ဣတိ၊ သို့။ ဒွေ၊ ကုန်သော။ အင်္ဂါနိ၊ တို့သည်။ အတီတကာလာနိ၊ အတိတ်ကာလမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝိညာဏာဒီနိ၊ ဝိညာဉ် အစရှိကုန်သော။ ဘဝါဝသာနာနိ၊ ဘဝအဆုံးရှိကုန်သော။ အဋ္ဌ၊ ရှစ်ပါး သော အင်္ဂါတို့သည်။ ပစ္စုပ္ပန္နကာလာနိ၊ မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဇာတိ စေဝ၊ ငင်း။ ဇရာမရဏဉ္စ၊ ငင်း။ (ဣတိ၊ သို့။) ဒွေ၊ နှစ်ပါးသော အင်္ဂါတို့သည်။ အနာဂတကာလာနိ၊ မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

[၂၁၄] ၆၅၄။ ပုန၊ ဖန်။ ဟေတုဖလဟေတုပုဗ္ဗကတိသန္ဓိ၊ အကြောင်း ရှေးရှိသောအစပ် အကျိုးရှေးရှိသောအစပ် အကြောင်းရှေးရှိသော အစပ် အားဖြင့် သုံးပါးသော အစပ်ရှိသည်လည်းဖြစ်သော[၁]။ စတုဘေဒသင်္ဂ-

၁-ပုဗ္ဗက-ကား ဒွန္ဒေဘာပရဖြစ်၍ ဟေတုပုဗ္ဗက ဖလပုဗ္ဗက ဟေတုပုဗ္ဗကယူ၍ ပုဒ်တိုင်း၌ ယှဉ်။ ဒွန်၏နောက်၌ ရှိသောပုဒ် ယှဉ်လိုက်ပုဒ်တိုင်းမှာ။ (ပြည်)

ဟဍ္ဍ၊ (အဝိဇ္ဇာစသောဟေတု-ဝိညာဉ်စသောဖလ-တဏှာစသောဟေတု-ဇာတိစသောဖလအားဖြင့်) လေးပါးအပြားရှိသော အင်္ဂါတို့ကို ပေါင်း၍ယူခြင်း ပေါင်း၍ယူရာ အလ္လာရှိသည်လည်းဖြစ်ထသော။ ဝီသတိအာကာ-ရာရံ၊ နှစ်ဆယ်သောအခြင်းအရာ ပကာရဟူသောအကန့်ရှိသည်လည်း ဖြစ်ထသော။ တိဝဋ္ဋံ၊ ကမ္မဝဋ္ဋ ကိလေသဝဋ္ဋ ဝိပါကဝဋ္ဋဟူ၍ သုံးပါးသော ဝဋ္ဋရှိသည်လည်း ဖြစ်ထသော။ တေ- ဘဝစက္ကံ၊ သည်။ အနဝဋ္ဌိတံ၊ အပိုင်းအခြား မရှိသည်ဖြစ်၍၊ ဝါ၊ မရပ်မတန့်သည်ဖြစ်၍။ ဘမတိ၊ လည်၏။ ဣတိပိ၊ သို့လည်း။ ဝေဒိတဗ္ဗံ၊ အပ်၏[၁]။

